ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ စနေနေ့၊ (28-4-2007) (၅၃၀၁)

ကျိုင်းတောင်းစီမံကိန်းနှင့် အထက်ကျိုင်းတောင်းစီမံကိန်း နှစ်ခုမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားတို့ကို ဒေသအတွင်း ခွဲဝေဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်းစနစ်ကိုလည်း အချိန်ကိုက် တည်ဆောက်။

ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို မြန်မြန်ပြီးစီးအောင် ကြိုးပမ်း။

# လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ် အထက်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်



နေပြည်တော် ဧပြီ ၂၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက်မိုင် ၃၀ခန့် အကွာ နမ့်တိန်ချောင်းပေါ်၌ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေးက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ဧပြီ ၂၅ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



## မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၈-၄-၂၀၀၇
(စနေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သစ္စာလေးချက် ထာဝရဦးထိပ်ရွက်ပန်ဆင် နိုင်ငံတော်ကာကွယ်ရေးတာဝန် စွန့်စွန့်စားစားထမ်းဆောင်

တပ်မတော်သည် နိုင်ငံတော်တွင် အန္တရာယ်နှင့် ကြုံတွေ့တိုင်း ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်ခဲ့စမြဲဖြစ်သည်။ ယင်းသို့ အကာအကွယ်ပေးနေခြင်းသည် နိုင်ငံတော်အပေါ် ထားရှိသည့် တပ်မတော်၏ သစ္စာတရားကြောင့်ဖြစ်သည်။ တပ်မတော်သားတိုင်းက သစ္စာလေးချက်ကို အလေးထား၍ ခိုင်ကျည်စွာ စောင့်ထိန်းလျက်ရှိကြသည်။

မျက်မှောက်ကာလတွင်လည်း တပ်မတော်က ငြိမ်းချမ်းရေးအခြေခံကောင်းများကို တည်ဆောက်လျက်ရှိသည်။ စီးပွားရေးအခြေခံကောင်းများကို ဖန်တီးဖော်ဆောင်နေသည်။ ပညာရေးနှင့်ကျန်းမာရေးအခြေခံကောင်းများ ပိုမိုတိုးတက် မြင့်မားလာရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရသည်။

ယနေ့အချိန်အခါသည် တပ်မတော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်လျက်ရှိနေသည်။

တပ်မတော်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကို တည်ဆောက်လျက်ရှိရာတွင် အရည်အသွေးမြင့်မားသော အရာရှိများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ ကာယစွမ်းရည်၊ ဉာဏစွမ်းရည် ပြည့်စုံသည့် စစ်ဘက်ခေါင်းဆောင်ငယ်များ ဖြစ်လာရန် အဘက်ဘက်က လေ့ကျင့်ပေးလျက်ရှိသည်။

စစ်ဘက်ခေါင်းဆောင်ငယ်များအပါအဝင် တပ်မတော်သားတိုင်းက တပ်မတော်သားကောင်းပီပီ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ထားရှိသည့် သစ္စာလေးချက်ကို ဦးထိပ်ရွက်ပန်ဆင်ရင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ကြခြင်းဖြင့် နိုင်ငံနှင့်လူမျိုး ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နေနိုင်မည် ဖြစ်ပါသည်။ ။

# ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၃ ရက် နံနက်တွင် ဧရာဝတီတံတား(ရတနာပုံ)မှ ဟံမြင့်မိုရ်-မြို့ကြီး-ရွာင်-အောင်ပန်းလမ်း မိုင်တိုင်(၁၄/၀)တွင် မြို့ကြီးစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စခန်းရှင်းလင်းဆောင်၌ ကျောက်ဆည်ခရိုင် အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က ဆောင်ရွက်နေသော ဟံမြင့်မိုရ်-မြို့ကြီးလမ်းအပိုင်း လမ်းတံတားများ အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ မန္တလေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးကြူဟင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ဝန်ကြီးက မိမိတာဝန်ယူရသော လမ်းမိုင်အလိုက် လမ်းအခြေအနေ (Bar Chart)များရေးဆွဲ၍ ပြုပြင်ရန်၊ လိုအပ်ချက်များ တင်ပြတောင်းခံရန်နှင့် လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် အဆိုပါ လမ်းမိုင်တိုင်(၅၁/၆)တွင် စက်ယန္တရားကြီးများဖြင့် လမ်းတာချဲ့ခြင်း လုပ်ငန်းကိုလည်းကောင်း၊ မိုင်တိုင်(၅၈/၄)တွင် လမ်းအနိမ့်အမြင့် မြေညှိ၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် တောင်ကြီးခရိုင် အင်ဂျင်နီယာမှူးတို့က လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက လက်ရှိလမ်း၏ လမ်းသားမျက်နှာပြင်ကို ညီညာအောင် အနိမ့်အမြင့် ဖြေရန်၊ လမ်းအရည်အသွေး တိုးတက်ကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်ရန်တို့ကို တာဝန်ခံ အင်ဂျင်နီယာများအား မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

# သမန်းကုန်းဥက္ကံ ပရိယတ္တိစာသင်တိုက် တရားစခန်း

ရန်ကုန် မေ ၂၇

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတေဇိန္ဒ(B.Sc; Phy)နှင့် ဆရာတော်၏တပည့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယတို့သည် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ဘုရားလေးကျေးရွာအုပ်စု သမန်းကုန်းဥက္ကံကျေးရွာ သမန်းကုန်းဥက္ကံ ပရိယတ္တိစာသင်တိုက် သာသနာပြု အမျိုးသား၊ အမျိုးသမီး အသင်းကြီး၌ ကဆုန်လပြည့်ကျော် ၃ ရက်မှ ၉ ရက် (မေ ၃ ရက်မှ ၉ ရက်)အထိ ကျင်းပမည့် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

# ကျုံပျော်မြို့နယ်အသင်း ဂုဏ်ဝိသိဋ္ဌပူဇာပွဲ

ရန်ကုန် မေ ၂၇

ကျုံပျော်မြို့နယ်အသင်း (ရန်ကုန်)၏ (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည် အစည်းအဝေးနှင့် ဂုဏ်ဝိသိဋ္ဌပူဇာမင်္ဂလာပွဲအခမ်းအနားကို မေ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် သီရိမင်္ဂလာရတနာဗိမာန် ပရိယတ္တိစာသင်တိုက် ကမ္ဘာအေးဘုရားလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ ရွှေဂုံတိုင် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျုံပျော်မြို့နယ်သူ၊ မြို့နယ်သားအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ကျုံပျော်မြို့ ဝေဠုဝန် ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကုဒ္ဒိ ဉာဏာဘိဝံသအား ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ ကျင်းပခြင်းနှင့်အတူ ပူဇော်ကန်တော့ခံမည့် အသက် ၇၅ နှစ်နှင့် အထက် အသင်းဝင်များနှင့် ၂၀၀၄-၂၀၀၅၊ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ တွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင် သား၊ သမီးများ၏ စာရင်းကို အမှတ်စာရင်း မိတ္တူ အထောက်အထားများဖြင့် ဗိုလ်မှူး လှအောင်(ငြိမ်း)ဖုန်း-၃၈၅၇၄၉၊ဗိုလ်ကြီး စိန်သန်း (ငြိမ်း) ဖုန်း-၀၉၅၁၈၃၃၆၁၊ ဦးခင်အောင် ဖုန်း-၂၀၀၅၃၂၊ ဦးစောအောင်သောင်း ဖုန်း-၆၄၂၁၇၅၊ ဦးပြုံးချို ဖုန်း-၀၉၅၁၅၃၅၀၉ ထံသို့ပေးပို့ကြရန်နှင့် နှစ်ပတ်လည် အစည်းအဝေးသို့ ဖိတ်စာရရှိသည် ဖြစ်စေ၊ မရရှိသည် ဖြစ်စေအသင်းဝင်များ၊အသင်းမဝင်ရသေးသူများ၊ မြို့နယ် သူ၊ မြို့နယ်သားများ၊ မိသားစုများနှင့် အတူ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနေ ဦးတင်ကွန့်-ဒေါ်စောကြည် မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)









**အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မေ ၂၅ ရက်က စောရန်ပိုင်မြောက်ရပ်ကွက် ရွှေမင်္ဂလာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမက ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သူထံ သုတ၊ ရသ စာအုပ်မျိုးစုံ ၅၀ ကို ပေးအပ်လှူဒါန်းစဉ်။** (မြို့နယ်ပြန်/ဆက်)

# ဆက်ကပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် မယ်ဇလီပင်လမ်းနေ ဒေါ်ကျင်ဥ (အဘွားကြီးဆိုင်) မိသားစုတို့က ကွယ်လွန်သူ ဖခင်ကြီး ဦးတင်မြအား ရည်စူး၍ အလှူငွေကျပ် ၂၂၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၈-၄-၂၀၀၇ (စနေနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

### နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၂၅ ၅။ ကျန်းမာသုတ
- ၁၂:၃၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -ညှို့ချက်ပြင်းသောချစ်ခြင်း၏ခြေရင်း၌ ဒွေး၊ နန္ဒာလှိုင်**
- ၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁:၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၉။ ပြီးပါပြီ။

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၃၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၁။ အံ့သြဖွယ်ရာဆက်ကပ်ပညာ
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ"(အပိုင်း-၁၁)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Everton Vs Manchester United (Delay) (SDD)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

# လူသုံးနည်းသစ်မျိုးအချို့၏ ကြာရှည်ခံနိုင်မှု

ပါမောက္ခချုပ်
ဦးဝင်းကြည်(၁)

သစ်မျိုးတစ်မျိုး၏ အသုံးချနိုင်မှုကို စူးစမ်းဖော်ထုတ်ရာတွင် ကြာရှည်ခံနိုင်မှု (Durability)သည် ထည့်သွင်းစမ်းသပ်ရသည့် အရေးပါသော ဂုဏ်သတ္တိတစ်ခုဖြစ်သည်။

သစ်မျိုးများ၏ ကြာရှည်ခံနိုင်မှုကို အုပ်စု ငါးခုခွဲ၍ သတ်မှတ်လေ့ရှိသည်။ ၎င်းတို့မှာ အလွန်ကြာရှည်ခံသော (Very Durable) သစ်မျိုးများ၊ ကြာရှည်ခံသော (Durable)သစ်မျိုးများ၊ အတော်အတန်ကြာရှည်ခံသော (Moderately Durable) သစ်မျိုးများ၊ ကြာရှည်မခံသော (Non-Durable) သစ်မျိုးများနှင့် ပျက်စီးလွယ်သော (Perishable) သစ်မျိုးများဟူ၍ ဖြစ်ကြသည်။ သက်တမ်း (၁၀)နှစ်အထက် အသုံးခံသော သစ်မျိုးများကို အလွန်ကြာရှည်ခံသော သစ်မျိုးများအဖြစ်လည်းကောင်း၊ သက်တမ်း တစ်နှစ်ခန့်သာ အသုံးခံသော သစ်မျိုးများကို ပျက်စီးလွယ်သော သစ်မျိုးများအဖြစ်လည်းကောင်း သတ်မှတ်လေ့ရှိသည်။ ဤသတ်မှတ်ချက်သည် အပူပိုင်းဒေသများအတွက်သာဖြစ်သည်။ အအေးပိုင်းဒေသများအတွက် သက်တမ်း သတ်မှတ်ချက်သည် အပူပိုင်းဒေသများထက် ပို၍များသည်။ သက်တမ်း (၂၅)နှစ်နှင့် အထက် အသုံးခံသော သစ်မျိုးများကို အလွန်ကြာရှည်ခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ သက်တမ်း ငါးနှစ်အောက် အသုံးခံသောသစ်မျိုးများကို ပျက်စီးလွယ်သော သစ်မျိုးများအဖြစ်လည်းကောင်း သတ်မှတ်လေ့ရှိသည်။ အေး၍ခြောက်သွေ့သဖြင့် မှိုနှင့်ပိုးမွှားများ၏ ဖျက်ဆီးတိုက်ခိုက်မှုဒဏ်မှ လျော့နည်းခြင်းကြောင့် သက်တမ်းပို၍ ကြာရှည်ခြင်း ဖြစ်သည်။



သစ်ကြာရှည်ခံ နည်းပညာဖြင့် ပြုပြင်ထားသော သက်တမ်း ၂၈ နှစ်ရှိပြီ ဖြစ်သည့် ဝါးကြွပ်တဲ။

လူသုံးနည်းသစ် ၅၄ မျိုး၏ ကြာရှည်ခံနိုင်မှုကို စမ်းသပ်ခဲ့ရာ ကြို့နှင့်ထွနီသည် အလွန်ကြာရှည်ခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ ကြက်ရိုး၊ ဖန်ခါး၊ ဖက်သန်း၊ ပျဉ်းမ၊ စစ်၊ ထောက်ကြံ့၊ တောင်ဥသျှစ်၊ တောင်ပိန္နဲ၊ တောင်ဖက်ဝန်း၊ သပြေ၊ သဒီ၊ သစ်ကတိုး၊ သစ်မန်ကျည်း၊ ယမနေ၊ ရင်းတိုက်နှင့်ရင်းမာတို့သည် ကြာရှည်ခံသော သစ်မျိုးများအဖြစ်လည်းကောင်း၊ ဘင်္ဂ၊ ချင်ယုတ်၊ နှော၊ ကုက္ကို၊ လယ်စ၊ ဖျောက်ဆိပ်၊ ဆိတ်ချေး၊ တောသရက်၊ သံတော၊ သင်္ဂဒူး၊ သစ်ဖယောင်း၊ သစ်ဆိမ့်၊ သစ်ဆွဲလဲ၊ ရင်းစပ်၊ ရုံး၊ ဇောင်းပလေးတို့သည် အတော်အတန် ကြာရှည်ခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ ဘိုင်၊ ဘုံမဲစာ၊ ဒီးဒူး၊ ထွဘုတ်၊ ခူသန်၊ မအူလက်တန်ရှည်၊ မျောက်ငို၊ နဘဲ၊ တောင်မဲအုပ်နှင့် တောင်သရက်တို့သည် ကြာရှည်မခံသော သစ်မျိုးများအဖြစ် လည်းကောင်း၊ ငွေး၊ မြားဆိပ်၊ လက်ပံ၊ မျောက်သွေးကြီး၊ မျောက်သွေးသေး၊လျှော်၊ သဖန်း၊ သစ်ဖယောင်းတို့သည် ပျက်စီးလွယ်သော သစ်မျိုးများအဖြစ်လည်းကောင်း တွေ့ရှိခဲ့သည်။

သစ်ကိုအသုံးပြုမှုများစွာရှိသည့်အနက်တည်ဆောက်ရေးပစ္စည်းအဖြစ် အသုံးပြုမှုသည် အခြားအသုံးပြုမှုများထက် အဆပေါင်းများစွာပိုသည်။ ပရိဘောဂနှင့် အခြားသစ်သားထည်ပစ္စည်းများသည် များသောအားဖြင့် အမိုးအကာအောက် (Indoor)တွင် ရှိသည်သာမက လူနှင့် အစဉ်ထိတွေ့နေရသောကြောင့် ပြုလုပ်မည့် သစ်မျိုးကို ရွေးချယ်ရာ၌ ရော်ဘာ၊ သစ်ဆိမ့်ကဲ့သို့ ပိုးဖောက်လွယ်သော သစ်မျိုးအနည်းငယ်မှအပ ကြာရှည်ခံနိုင်မှုကိုအလေးပေးရန်မလိုအပ်လှသော်လည်းအဆောက်အအုံ၊ တံတား၊ လှေ၊ သင်္ဘော၊ ဇလီဖား၊ ခြံတိုင်၊ ဓာတ်တိုင်၊ ဥယျာဉ်သုံး ပရိဘောဂ (Garden Furniture) စသည်များအတွက် သင့်လျော်သည့် သစ်မျိုးကို ရွေးချယ်ရာတွင်မူ ကြာရှည်ခံနိုင်မှုကို အလေး ပေးရန် အလွန်အရေးကြီးသည်။ ထို့ကြောင့် လူသုံးနည်း သစ်မျိုးများကို တွင်ကျယ်စွာ အသုံးချနိုင်ရေးတွင် သစ်ကြာရှည်ခံမှု နည်းပညာ (Wood Preservation) သည် အဓိကအရေးပါသည်။

**ငါးနှစ်သာခံမည့် ခြံတိုင်များကို ကြာရှည်ခံအောင် ပြုပြင်ပေးခြင်းဖြင့် ၁၅ နှစ်ခံမည်ဆိုပါက သုံးစွဲသူအတွက် ကုန်ကျစရိတ်သက်သာသကဲ့သို့ နိုင်ငံတော်၏ အဖိုးတန်သစ်တော သယံဇာတများကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးရာ ရောက်သည်၊ အိမ်များကို နှစ်စဉ်ရေနံချေးသုတ်ခြင်း၊ ခြံတိုင်များ မစိုက်မီ ခေါက်ခွာ၍ တိုင်ခြေကိုမီးမြှိုက်ပြီး ရေနံချေး၊ အင်ဂျင်ဝိုင်အဟောင်း၊ ဆေးကတ္တရာ စသည်များ သုတ်ခြင်း၊ တိုင်ထိပ်များကို မိုးရေစိမ့်ဝင်မှုနည်းစေရန် ချွန်ထားခြင်း၊ သံဖြူပြားအုပ်ထားခြင်း စသည်များသည် အလွယ်ကူဆုံး သစ်ကြာရှည်ခံ နည်းပညာရပ်များ ဖြစ်သည်။**

အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ ရေဆင်း၊ သစ်တော သုတေသနဌာနတွင် ၁၉၇၉ခုနှစ် ဇန်နဝါရီလက စမ်းသပ်ခဲ့သော ဝါးကြွပ်(Bamboo Shingle) ဖြင့် မိုးထားသည့်တဲသည် ယခုအချိန်အထိ ၂၈နှစ်တိုင် ကောင်းမွန်နေဆဲဖြစ်ပါသည်။ ယင်းဝါးကြွပ်များကို ကြသောင်းဝါးဖြင့် ပြုလုပ်ထားကြောင်း၊ ဝါးကြွပ်များကို ရှေးဦးစွာ ရေတွင် ခုနစ်ရက်ခန့်စိမ်ထားကြောင်း၊ ပိုးမွှားများ ကြိုက်တတ်သည့် ဝါးအတွင်းမှ အစာများ (Starch)ထွက်သွားစေရန် ဖြစ်ကြောင်း၊ ထို့နောက် ခြောက်သွေ့စေရန် ငါးရက်ခန့် လေသလပ်ခံထားရှိကြောင်း၊၎င်းနောက် ရေနံချေးဖြင့် ရှစ်နာရီခန့်ကြာအောင် ပြုတ်ထားကြောင်း သိရှိရပါသည်။ ဝါး၏ပုံမှန်သက်တမ်းထက် လေး၊ငါးဆခန့်ရှိသဖြင့် ကြာရှည်ခံ နည်းပညာ၏ အကျိုးအာနိသင်ကို လက်တွေ့သိရှိနိုင်ပါသည်။

**ကြာရှည်ခံ ဆေးအမျိုးမျိုးရှိသကဲ့သို့ ကြာရှည်ခံဆေးဖြင့် ပြုပြင်နည်း အမျိုးမျိုးရှိသည်။ အဓိကအားဖြင့် သာမန် ဆေးသွင်းနည်းများ (Non-Pressure Methods)နှင့် ဖိအားသုံးဆေးသွင်းနည်းများ (Pressure Methods)ဟူ၍ နှစ်မျိုး ခွဲခြားထားသည်။ အသုံးပြုသည့်နည်း၊ အသုံးပြုသည့် ဆေးအမျိုးအစားနှင့် သစ်သားကို အသုံးပြုသည့် ဒေသ၊ ပတ်ဝန်းကျင် ပေါ်တွင်မူတည်၍ သက်တမ်းကွာခြားမှု ရှိသည်။**

ဆေးသွင်းရလွယ်သော သစ်မျိုးများကို သာမန် ဆေးသွင်းနည်းများ အသုံးပြု၍ ဆေးသွင်းရခက်ခဲသော သစ်မျိုးများကို ဖိအားသုံးဆေးသွင်းနည်းများ အသုံးပြုရန်ဖြစ်သည်။ သစ်သားအတွင်းသို့ ဆေးဝင်ရောက်မှု (depth of penetration)များလေလေ ကြာရှည်ခံ ဆေးကို ပိုမိုကြာမြင့်စွာ ထိန်းချုပ်ထားနိုင်လေဖြစ်သည်။ ဆေးသွင်းရ လွယ်ကူ၊ ခက်ခဲမှု (Treatability)ကို အုပ်စု ငါးစုခွဲခြား၍ သတ်မှတ်လေ့ရှိသည်။ စမ်းသပ်ခဲ့သော လူသုံးနည်း သစ်မျိုး ၅၄ မျိုးအနက်ဘိုင်၊ ထွဘုတ်၊ ငွေး၊ ခူသန်၊ မျောက်ငို၊ မျောက်သွေးကြီး၊ မျောက်သွေးသေး၊ တောင်မဲအုပ်နှင့် သဖန်းသစ်မျိုးများသည် ဆေးသွင်းရ အလွန်လွယ်ကူသော(Very Easy)အုပ်စုတွင် လည်းကောင်း၊ ဘင်္ဂ၊ ဒီဒူး၊ မြားဆိပ်၊ လိန်၊ လက်ပံ၊ မအူလက်တံရှည်၊ ဖျောက်ဆိပ်၊ လျှော်၊ တောသရက်၊ သစ်ပန်းကန်၊ ရင်းတိုက်နှင့် ရင်းစပ်သစ်မျိုးများသည် ဆေးသွင်းရလွယ်ကူသော (Easy)အုပ်စုတွင်လည်းကောင်း၊ နှော၊ မျောက်ချော၊ တောင်ဥသျှစ်နှင့် တောင်သရက်သစ်မျိုးများသည် ပျမ်းမျှအနေအထား ရှိသည့် (Average) အုပ်စုတွင် လည်းကောင်း၊ ချင်ယုတ်၊ နဘဲ၊ ထောက်ကြံ့၊ တောင်ဖက်ဝင်၊ သစ်ဆိမ့်၊ သစ်ဆွဲလဲနှင့် ဇောင်းပလေး သစ်မျိုးများသည် ဆေးသွင်းရာတွင် အတော်အတန် ခက်ခဲသော (Moderately Difficult) အုပ်စုတွင် လည်းကောင်း၊ ဘုံမဲစာ၊ ထွနီ၊ ကြို့၊ ကုက္ကို၊ လယ်စ၊ ဖန်ခါး၊ စစ်၊ သံတော၊ သင်္ဂဒူး၊ သစ်ကတိုး၊ သစ် မန်ကျည်း၊ သစ်ဖယောင်း၊ ရင်းမာနှင့် ရုံးသစ်မျိုးများသည် ဆေးသွင်းရ ခက်ခဲသော (Difficult) အုပ်စုတွင် လည်းကောင်း၊ ကြက်ရိုး၊ ဖက်သန်း၊ ပျဉ်းမ၊ဆိတ်ချေး၊ တောင်ပိန္နဲ၊သပြေ၊ သဒီနှင့် ယမနေ သစ်မျိုးများသည် ဆေးသွင်းရအလွန်ခက်ခဲသော (Very Difficult )အုပ်စုတွင် လည်းကောင်း အသီးသီးပါဝင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

ထို့ကြောင့် မြန်မာ့လူသုံးနည်း သစ်မျိုးများ ပိုမိုတွင်ကျယ်စွာ အသုံးပြုရေးတွင် အဓိက ကဏ္ဍတစ်ခုဖြစ်သည့် သစ်ကြာရှည်ခံ နည်းပညာပြန့်ပွားရေးကို ဦးတည်လျက် မိတ်ဆက်အနေဖြင့် ရေးသားဖော်ပြအပ်ပါသည်။ ။

**ဆေးသွင်းရလွယ်သော သစ်မျိုးများကို သာမန် ဆေးသွင်းနည်းများ အသုံးပြု၍ ဆေးသွင်းရခက်ခဲသောသစ်မျိုးများကို ဖိအားသုံးဆေးသွင်းနည်းများ အသုံးပြုရန်ဖြစ်။ သစ်သားအတွင်းသို့ ဆေးဝင်ရောက်မှု (depth of penetration) များလေလေ ကြာရှည်ခံဆေးကို ပိုမိုကြာမြင့်စွာ ထိန်းချုပ်ထားနိုင်လေဖြစ်။**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

**ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။**

**သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-**

**(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။**

**(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။**

**(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။**

**(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။**

**(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။**

**(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။**

**(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။**

**(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။**

**(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။**

**(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။**

**(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။**

**(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။**

ကျန်းမာရေးဝန်ကြီးဌာန

# ခေတ်နောက်ကျနေသော မူဝါဒများကြောင့် အမေရိကန် မသန်စွမ်းသူများ ထိခိုက်နစ်နာ

**ဝါရှင်တန် ဧပြီ ၂၆**

အမေရိကန်နိုင်ငံရှိ မသန်စွမ်းသူများသည် အကူအညီများ လိုအပ်လျက်ရှိသော်လည်း အစိုးရ၏ ခေတ်နောက်ကျနေသော မူဝါဒများကြောင့် ထိခိုက်နစ်နာနေရကြောင်း ကျွမ်းကျင်သူ ပညာရှင်များ အဖွဲ့တစ်ဖွဲ့က ဗုဒ္ဓဟူးနေ့၌ ထုတ်ပြန်သော လေ့လာချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

မသန်စွမ်းသူများ တွေ့ကြုံနေရသည့် ပြဿနာများ ကြီးထွားလာခြင်း မရှိစေရန် လူ့အဖွဲ့ အစည်းတစ်ရပ်လုံးက ၎င်းတို့အတွက် ပိုမိုစွမ်းဆောင်ပေးသင့်ကြောင်း ဘော်စတွန်တက္ကသိုလ်အောက်ရှိ ကျန်းမာရေးနှင့် မသန်စွမ်းမှုဆိုင်ရာ သုတေသနသိပ္ပံညွှန်ကြားရေးမှူး အလန်ဂျက်တီက ပြောကြားသည်။

အသက်အရွယ် အိုမင်းလာခြင်းကြောင့် မသန်စွမ်းသည့်ဘဝသို့ ရောက်ရှိသူများအတွက် အစိုးရက လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုအတွင်း မည်မည်ရရ လုပ်ပေးနိုင်ခြင်း မရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်နိုင်ငံရှိ မသန်စွမ်းသူများသည် ခွဲခြားဆက်ဆံခံရမှုများ ရှိနေကြောင်း လေ့လာချက်အရ သိရသည်။

မျက်မှောက်ကာလ လူငယ်များနှင့် သက်လတ်ပိုင်း အရွယ်ရှိသူများသည် ဆီးချိုရောဂါ၊ အဝလွန်မှုနှင့် လှုပ်ရှားမှုနည်းပါးမှုတို့ကြောင့် အနာဂတ်တွင် မသန်စွမ်းသူများဘဝသို့ ရောက်ရှိလာနိုင်ကြောင်း အစီရင်ခံစာတွင် သတိပေးထားသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ကမ္ဘာလှည့် ခရီးသည်များ လာရောက် လည်ပတ်သည့် စင်ကာပူနိုင်ငံရှိ စန်တိုဆာကျွန်းကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ပါကစ္စတန် အရှေ့ပိုင်းတွင် တိုက်လေယာဉ်ပျက်ကျ လေယာဉ်မှူးထိခိုက်မှုမရှိ

**အစ္စလမ္မာဘတ် ဧပြီ ၂၆**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းပန်ဂျပ်ပြည်နယ်တွင် ဧပြီ ၂၅ ရက်က ပါကစ္စတန်လေတပ် (ပီအေအက်ဖ်)၏ တိုက်လေယာဉ်တစ်စင်း ပျက်ကျသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မီးရပ်ဂျ်တိုက်လေယာဉ်သည် ပုံမှန်လေ့ကျင့်နေစဉ် ရှော့ကော့ဂျန်ဒေသအနီး၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်လေတပ်က ပြောကြားသည်။

လေယာဉ်ပျက်ကျမှုတွင်လေယာဉ်မှူးအသက်အန္တရာယ် ထိခိုက်မှုမရှိကြောင်း၊ စက်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ကြောင့် လေယာဉ်ပျက်ကျရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# သီရိလင်္ကာ၌ ယာဉ်တိုက်မှုများပြား ၂၀၀၆ခုနှစ်တွင် ၂၀၀၀ခန့် သေဆုံး

**ကိုလံဘို ဧပြီ ၂၆**

သီရိလင်္ကာနိုင်ငံတွင် ၂၀၀၆ခုနှစ်အတွင်း လမ်းမတော်တဆမှုအများအပြားဖြစ်ပွားခဲ့ရာ သေဆုံးသူ သို့မဟုတ် ဒဏ်ရာရရှိသူ ဦးရေသည် ၆၀၀၀ကျော်ရှိကြောင်း ပြည်သူ့ အုပ်ချုပ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၂၄ ရက်တွင် ပြောကြားသည်။

လူဦးရေ သန်း ၂၀နေထိုင်သော ကျွန်းနိုင်ငံတွင် ထိုနှစ်က လမ်းမတော်တဆမှုပေါင်း ၃၃၃၃၉ မှ ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၀၀၀ နီးပါး သေဆုံးခဲ့ရသည့်အတွက် ပူပင်စရာ အခြေအနေဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် လမ်းများမှာအခြေအနေဆိုးရွားသည့်အပြင် ယာဉ်မောင်းများမှာလည်း အမောင်းကြမ်းလှကြောင်းသိရသည်။ အများဆုံး ဘတ်စ်ကားယာဉ်မောင်းများမှသည် သုံးဘီးယာဉ်မောင်းများအထိ အားလုံး ကြမ်းကြမ်းရမ်းရမ်း မောင်းကြသူများ ဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***



# ဗင်နီဇွဲလားနှင့်လာအို သဘောတူညီချက် လက်မှတ်ရေးထိုး

**ကာရာကတ်စ် ဧပြီ ၂၆**

ဗင်နီဇွဲလားနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး သိပ္ပံနှင့် ယဉ်ကျေးမှုရေးရာတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် ဧပြီ ၂၄ ရက်က သဘောတူညီချက်များ လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက်ကို ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး နီကိုလာမာဒူရိုနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီး သွန်ဂလွန် ဆီဆိုလစ်ချ်တို့ လက်မှတ်ရေးထိုးကြသည်။

ဗင်နီဇွဲလားနှင့် လာအိုနိုင်ငံတို့သည် သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ဖက်စပ် ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ကို ထူထောင်မည် ဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး တိုးတက်ရန်နှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရန် ဖြစ်ကြောင်း သွန်ဂလွန် ဆီဆိုလစ်ချ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မက္ကဆီကို၌ လေဆင်နှာမောင်းတိုက်ခတ် ၁၀ ဦးသေဆုံး၊ ၈၀ ကျော် ဒဏ်ရာရ

**ဆန်အန်တိုနီယို ဧပြီ ၂၆**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် မက္ကဆီကို နယ်စပ်ရှိ မြို့များတွင် ဧပြီ ၂၅ ရက်က လေဆင်နှာမောင်း တိုက်ခတ်ရာ ၁၀ ဦးသေဆုံးပြီး ၈၀ ကျော်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဧပြီ ၂၅ ရက်တွင် ပြောကြားသည်။

လေဆင်နှာမောင်း ဖြတ်သန်းဝင်ရောက်သွားသော တက္ကဆက်ပြည်နယ် အီဂဲလ်ပက်စ်မြို့တွင် ခုနစ်ဦး သေဆုံးပြီး မက္ကဆီကိုနိုင်ငံ ပီဒရက်စ်နီဂရက်စ်ဒေသတို့တွင် သုံးဦးသေဆုံးခဲ့သည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အိမ်ခြေရာပေါင်းများစွာ ပျက်စီးပြီး ပြည်သူ ၇၀၀ သို့မဟုတ် ၈၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြောင်းနှင့် အပျက်အစီးများကြားမှ ထိခိုက်သေဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း ဟူလာပြည်နယ် ဘေးအန္တရာယ် ထိန်းသိမ်းရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖာနန်ဒိုဟောတာက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ပြင်သစ်နိုင်ငံ မာဆေးမြို့တွင် လေထီးခုန်အဖွဲ့ စွမ်းရည်ပြသနေကြသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# တိုင်ဖုန်းမုန်တိုင်းများ ထပ်မံတိုက်ခတ်နိုင် ဖိလစ်ပိုင်တွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

**မနီလာ ဧပြီ ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်ကုန်ပိုင်းတွင် တိုင်ဖုန်းလေမုန်တိုင်းများ ထပ်မံတိုက်ခတ်နိုင်ဖွယ်ရှိသဖြင့် မနီလာမြို့ရှိ ရေတပ်အခြေစိုက် စခန်း၌ ကယ်ဆယ်ရေးဆိုင်ရာ သရုပ်ပြအခမ်းအနားကို အင်္ဂါနေ့ကကျင်းပပြီး စတင်ပြုလုပ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်ရေတပ်သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေး အထူးအုပ်စုက ပို့တ်ဘွန်နီဖာစီယို ရေတပ်စခန်းတွင် ယင်းသရုပ်ပြပွဲကျင်းပခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ယမန်နှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မုန်တိုင်းကြီးများ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၁၀၀၀ကျော် သေဆုံးခဲ့ရသည်။

ထို့ပြင် လွန်ခဲ့သောနှစ်က ဖိလစ်ပိုင်အရှေ့တောင်ပိုင်း၌လည်း မုန်တိုင်းဝင်ပြီး မိုးသည်းထန်ခဲ့သဖြင့် မြေပြိုမှုဖြစ်ပွားရာ လူပေါင်း ၁၀၀၀ ခန့် သေဆုံးခဲ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ ပေကျင်းမြို့ တိရစ္ဆာန်ဥယျာဉ်၌ မွေးမြူထားသော ပန်ဒါဝက်ဝံတစ်ကောင်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# မလေးရှားနှင့်အိန္ဒိယ ဆေးဝါးကုမ္ပဏီများ ကန်ထရိုက်စာချုပ်ချုပ်ဆို

**ကွာလာလမ်ပူ ဧပြီ ၂၆**

မလေးရှားဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော အင်နိုဘိုင်အိုကုမ္ပဏီသည် အိန္ဒိယဆေးဝါးကုမ္ပဏီနှင့် ရင်းဂစ်သန်း ၁၄၀ (အမေရိကန်ဒေါ်လာ သန်း၄၀) တန်ဖိုးရှိ ကန်ထရိုက်စာချုပ် ချုပ်ဆိုထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနက မကြာသေးမီက သတင်းထုတ်ပြန်သည်။

အဆိုပါ ငါးနှစ်စာချုပ် သက်တမ်းအရ အိန္ဒိယဆေးဝါးကုမ္ပဏီမှ လိုအပ်သည့်ဆေးဝါးအမျိုးအစား ၁၀ မျိုးမှ ၁၂ မျိုးအထိကို အင်နိုဘိုင်အိုကုမ္ပဏီက ထုတ်လုပ်မည်ဖြစ်ကြောင်း အင်နိုဘိုင်အိုကုမ္ပဏီ အမှုဆောင်အရာရှိချုပ် မို့ဒ်နာဇီကာမဲလ်က ပြောကြားသည်။ အဆိုပါ ကုမ္ပဏီနှစ်ခုသည် ကန်ထရိုက်တာစာချုပ်အတွက် ကနဦးလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ မေလတွင် အမေရိကန်နိုင်ငံ ဘော်စတွန်မြို့၌ ကျင်းပမည့် နိုင်ငံတကာညီလာခံတွင် သဘောတူလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဘနားမားသတင်းဌာနသို့ မို့ဒ်နာဇီက ပြောကြားသည်။

ဇွန်လတွင် လိုအပ်သည့်စက်ကိရိယာများကို ဖြည့်ဆည်းပြီးနောက် ဇူလိုင်လတွင် ဆေးဝါးများ စတင်ထုတ်လုပ်နိုင်မည်ဟု အိန္ဒိယကုမ္ပဏီက မျှော်မှန်းထားကြောင်း ၎င်းကပြောကြားသည်။ ကန်ထရိုက်စာချုပ်အရ အင်နိုဘိုင်အိုကုမ္ပဏီမှ ထုတ်လုပ်သည့်ဆေးဝါးပမာဏ၏ ထက်ဝက်ကို အိန္ဒိယနိုင်ငံသို့တင်ပို့မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***






ဂျပန်နိုင်ငံတွင် အသစ်ထုတ်လုပ်လိုက်သော ကျည်ဆန်ရထားတစ်စင်းကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ စင်ကာပူနှင့်ဗီယက်နမ် လက်မှတ်ရေးထိုး

**စင်ကာပူ ဧပြီ ၂၆**

စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သည် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ တစ်ရပ်ကို ဗုဒ္ဓဟူးနေ့၌ လက်မှတ်ရေးထိုးလိုက်ကြောင်း စင်ကာပူပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ နှစ်နိုင်ငံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ ကျောင်းသူ၊ ကျောင်းသားများအား အပြန်အလှန် ဖလှယ်ရေးအစီအစဉ်တွင် ပါဝင်ရန် အခွင့်အရေးပေးမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြသည်။

စင်ကာပူအစိုးရသည် ဗီယက်နမ် ကျောင်းသူ၊ ကျောင်းသားများအား ပညာသင်ဆုများကို ပိုမိုပေးသွားမည်ဖြစ်သည်။

ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအရ ဆရာ၊ ဆရာမများအား လေ့ကျင့်ပေးမည့် အစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# မလေးရှား၌ တစ်နှစ်လျှင် လေဖြတ်သူ၅၂၀၀၀ခန့်ရှိ

**ကွာလာလမ်ပူ ဧပြီ ၂၆**

မလေးရှားနိုင်ငံ၌ တစ်နှစ်လျှင် လေသင်တုန်းဖြတ်သူ ၅၂၀၀၀ ခန့်ရှိကြောင်း၊ တစ်နာရီလျှင် ခြောက်ဦးနှုန်း ရှိကြောင်း ကျန်းမာရေးဌာန ဝန်ကြီး ချူယာဆိုလီစ်က ပြောကြားသည်။

**အံ့သြဖွယ်တွေ့မြင်ရ**

အများစုသည် အသက်အန္တရာယ် စိုးရိမ်ဖွယ် အနေအထားကို ကာကွယ်ထားနိုင်သည်ကို အံ့သြဖွယ်တွေ့မြင်ရကြောင်း ချူယာက ပြောကြားသည်။

လေသင်တုန်းဖြတ်ရသည့် အဓိကအချက်များတွင် အာရုံစူးစိုက်မှု လွန်ကဲခြင်း၊ ကိုလက်စထရောနှုန်းထားများပြားနေခြင်း၊ ဆီးချိုရောဂါရှိခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အဝလွန်ခြင်းတို့ပါဝင်ကြောင်း ချူယာ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သည်စတားသတင်းစာက ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

လူသားများသည် ၎င်းတို့၏ လူနေမှုဘဝကို ပြောင်းလဲပြီး လေ့ကျင့်ခန်းကို ပိုမိုလုပ်ဆောင်လျှင် အသက်အန္တရာယ်ကို ထိခိုက်စေသည့် အချက်အလက်များကို လျှော့ပါးစေနိုင်ကြောင်း ချူယာက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဧပြီ ၂၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုဒ္ဓဟူးနေ့က လမ်းဘေးဗုံး ဖောက်ခွဲခံရပြီး စိန်ပြောင်းဖြင့် အပစ်ခံရသဖြင့် နှစ်ဦးသေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းရှာအက်မြို့အနီးရှိ ဓာတ်ငွေ့ဆိုင်တစ်ဆိုင်တွင် လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် နှစ်ဦးသေဆုံးပြီး ရှစ်ဦးထိခိုက်ဒဏ်ရာရရှိသည်ဟု အဆိုပါသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် အနီးရှိ မော်တော်ယာဉ်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။ တစ်ချိန်တည်းမှာပင် အဘူဒီရှီးယား လူနေရပ်ကွက်တွင် နံနက်ပိုင်းက စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲသဖြင့် လူခြောက်ဦး ထိခိုက်သည်ဟုဆိုသည်။

ဘဂ္ဂဒက်တွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးအစီအစဉ်သစ်များဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



ဆော့ဖ်ဝဲအသစ်ကို အသုံးပြုထားသော လက်ကိုင်ဖုန်းအသစ်များကို ပိုလန်နိုင်ငံ ဝါဆောမြို့၌ ပြသနေသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အနောက်ဂျာဗားရှိ ကျေးရွာတွင် ရေနံတင်ကား ပေါက်ကွဲ

**ဂျကာတာ ဧပြီ ၂၆**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ ကျေးရွာတစ်ရွာတွင် ဗုဒ္ဓဟူးနေ့အစောပိုင်းက ရေနံတင်ကား ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက အန်တာရာသတင်းဌာနသို့ ပြောကြားသည်။

**သေဆုံး**

မော်တော်ယာဉ်မောင်းနှင့် ခရီးသည်နှစ်ဦး လိုက်ပါလာသော ရေနံတင်ကားတစ်စီးသည် ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲ၌ ကာရန်းအန်ရာကျေးရွာတွင် လမ်းဘေးသို့ ထိုးကျကာ နေအိမ်တစ်လုံးကို ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ယင်းသို့ တိုက်မိရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ၎င်းတို့သုံးဦးစလုံး သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

**ပေါက်ပေါက်**

ရေနံတင်ဆောင်လာသော အဆိုပါကားသည် အနောက်ဂျာဗားပြည်နယ် အင်ဒရာမေယုမြို့ရှိ ဘာလွန်ဂန်ရေနံချက်စက်ရုံသို့ မောင်းနှင်လာစဉ် ယင်းဖြစ်ရပ် ပေါက်ပေါက်ခဲ့သည်။

ရေနံတင်ကား ဝင်တိုက်မိသော လူနေအိမ်မှာ ပျက်စီးသွားသော်လည်း ထိခိုက်သေဆုံးသူမရှိပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အီဂျစ်ရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ခွင့် ကူဝိတ်ကုမ္ပဏီရရှိ

**ကူဝိတ်စီးတီး ဧပြီ ၂၆**

ကူဝိတ်ကမ္ဘာ့ရေနံနှင့် သဘာဝပတ်ဝန်းကျင်ကုမ္ပဏီက အီဂျစ်နိုင်ငံမှ ကွမ်အွမ်ဘို ရေနံစူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ခွင့် ၅၀ ရာခိုင်နှုန်းကို ရရှိကြောင်း ကူနာသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

ကူဝိတ်ကုမ္ပဏီဥက္ကဋ္ဌ အယ်လ်-ယာဟီယာက ကနေဒါစင်ကျူရီယန်ကုမ္ပဏီနှင့် လွှဲပြောင်းစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကုမ္ပဏီက အီဂျစ်ရေနံ စူးစမ်းရှာဖွေခွင့်ကို ပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သည်။

အဆိုပါရေနံမြေသည် စတုရန်းမီတာ ၂၂၀၀၀ ရှိပြီး ယခုလက်ရှိ အချိန်တွင် နေ့စဉ် ရေနံစိမ်းပီပါ ၆၀၀၀ ထုတ်လုပ်လျက်ရှိကာ ရေနံပီပါ ၃၀၀၀ သည် ကူဝိတ် ကုမ္ပဏီအတွက် ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ဟန်နိုဗာမြို့တွင်း နွားမတစ်ကောင် ပြေးလွှား ယူရို ၂၅၀၀၀ ဖိုး ပျက်စီးဆုံးရှုံး

**ဘာလင် ဧပြီ ၂၆**

ဂျာမနီနိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဟန်နိုဗာမြို့တွင် နွားမတစ်ကောင် သုံးနာရီကြာမျှ မြို့တွင်း၌ ပြေးလွှားမှုကြောင့် ယူရို ၂၅၀၀၀ (အမေရိကန်ဒေါ်လာ ၃၃၉၀၀)ဖိုး ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ယနေ့ရိုက်တာသတင်း၌ ဖော်ပြသည်။

အပ်ချီအမည်ရှိ နွားမတစ်ကောင်သည် တနင်္လာနေ့က မွေးမြူရေး ခြံတစ်ခြံမှ လွတ်ထွက်သွားခဲ့ပြီးနောက် ဟန်နိုဗာမြို့အတွင်း လှည့်ပတ်ပြေးလွှားနေခဲ့သဖြင့် မော်တော်ယာဉ်မောင်းများနှင့် လမ်းသွားလမ်းလာများမှာ ကြောက်လန့်တကြား ဖြစ်ခဲ့ရကြောင်း မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ မာတင်အာဂျင်ဒေါ့ဖ်က ပြောကြားသည်။

နွားပိုင်ရှင်၊ ရုပ်မြင်သံကြားရိုက်ကူးရေး အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယင်းနွားမနောက်သို့ လိုက်ပါလာခဲ့ကြောင်း၊ နွားမသည် ငါးကီလိုမီတာမျှ ထွက်ပြေးခဲ့ပြီး နောက်ဆုံးတွင် မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ကာ ဖမ်းဆီး ခဲ့ရကြောင်း မာတင်အာဂျင်ဒေါ့ဖ်က ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

ဂျာမနီနိုင်ငံ လိုက်ပဇစ်မြို့ရှိ ဒေါင်ဓာတုဗေဒ လုပ်ငန်း စက်ရုံတစ်ရုံကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

## စီမံကိန်းလုပ်ငန်းများ ရှင်းလင်းတင်ပြ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးအား အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။**

(သတင်းစဉ်)





# ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်

## ယခုအခါ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၃ ရာခိုင်နှုန်းကျော် ပြီးစီးနေ

*** ရှေ့ဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၈နာရီတွင် ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီး ရှေးဦးစွာ နမ့်တိန်ချောင်း (ကျိုင်းတောင်းရေတံခွန်)ကို လည်းကောင်း၊ ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်း ပုံစံငယ်ကိုလည်းကောင်း ကြည့်ရှုသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်း၌ ဆောင်ရွက်ရန် အဓိကလုပ်ငန်း စုစုပေါင်း ၁၁ခုရှိပြီး ရေလွှဲဆည် အမှတ်(၁)နှင့် အမှတ်(၂)၊ ရေယူအဆောက်အအုံ၊ ရေယူတူးမြောင်း၊ သဲနုန်းထုတ်ကန်နှင့် ရေသွယ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီ ဖြစ်ပါကြောင်း။

ရေထိန်းကန် တည်ဆောက်ခြင်း၊ ဖိအားမြှင့် ပိုက်လိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ စက်ရုံ ရေထုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါကြောင်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၃ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ကျိုင်းတောင်းမြို့ အနောက်တောင်ဘက် ၁၀မိုင်ခန့် အကွာ နမ့်တိန်ချောင်းပေါ်၌ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။**

(သတင်းစဉ်)






## လက်ဆောင်ပစ္စည်း ပေးအပ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးမှ တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။**

(သတင်းစဉ်)

### ဓာတ်အားလိုင်း သွယ်တန်းမှု

ထို့နောက် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်း သွယ်တန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အထက်ကျိုင်းတောင်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက **လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသရှိ ပြည်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားလာရေးတို့အတွက် လျှပ်စစ်ဓာတ်အားဖြင့် အထောက်အကူပြုပေးနိုင်ရန် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို ရေအားပိုမိုအထောက်အကူပြုနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အားကိုပါ ထုတ်လုပ်နိုင်စွမ်းရှိသည့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။**

**ကျိုင်းတောင်း စီမံကိန်းနှင့် အထက်ကျိုင်းတောင်း စီမံကိန်းနှစ်ခုမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားတို့ကို ဒေသအတွင်း ခွဲဝေဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်း စနစ်ကိုလည်း အချိန်ကိုက် တည်ဆောက်ရန် ဖြစ်ကြောင်း။**

### မြန်မြန်ပြီးစီးအောင် ကြိုးပမ်း

**ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို မြန်မြန်ပြီးစီးအောင် ကြိုးပမ်းကြရန် ဖြစ်ကြောင်း** မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးမှ တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းအတွက် ကျိုင်းတောင်း တံတားအမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ စီမံကိန်း ဧရိယာအတွင်း သစ်တောသစ်ပင်များ မပြုန်းတီးအောင် ထိန်းသိမ်းထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨**

➪ စာမျက်နှာ ၆ မှ

ဆက်လက်၍ ဖိအားမြှင့်ပိုက်လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရေထိန်းကန် တည်ဆောက်ပြီးစီးမှု၊ ရေလွှဲဆည် အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ပြီးစီးမှု၊ သဲနှုန်းထုတ်ဂိတ် တည်ဆောက်ပြီးစီးမှု၊ ရေယူအဆောက်အအုံနှင့် နုန်းစစ်ကန် တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်း ရေတံခွန်အနီး၌ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

**တည်ဆောက်လျက်ရှိသည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ၁၈မဂ္ဂါဝပ်စီ ထုတ်လုပ်နိုင်စွမ်းရှိသည့် စက်သုံးလုံးမှ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။**

**အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ ပဏာမ လေ့လာစိစစ်တိုင်းတာမှုအရ မဂ္ဂါဝပ် ၆၀ ခန့် ထုတ်လုပ်နိုင်အားရှိမည့် စီမံကိန်း ဖြစ်သည်။**

**အသေးစိတ် ကွင်းဆင်းလေ့လာတိုင်းတာပြီး ဆက်လက်တည်ဆောက်သွားမည်ဖြစ်ရာ နမ့်တိန်ချောင်းတစ်လျှောက်၌ ကျိုင်းတောင်း၊ အထက်ကျိုင်းတောင်း စသည်ဖြင့် ရေအားလျှပ်စစ်စီမံကိန်း အဆင့်ဆင့် ဖြစ်ပေါ်လာမည်ဖြစ်သည်။**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့သို့ သွားရောက်၍ ကျိုင်းတောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကလောတပ်နယ်နှင့် ဗထူးတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**လိုက်လံနှုတ်ဆက်**

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။ သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် H.E.Dr. Iftekhar Ahmed Chowdhury ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် H.E.Dr. Iftekhar Ahmed Chowdhury နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. M. Khairuzzaman တို့လည်း တက်ရောက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် H.E.Dr. Iftekhar Ahmed Chowdhury တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် H.E.Dr. Iftekhar Ahmed Chowdhury အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် H.E.Dr. Iftekhar Ahmed Chowdhury နှင့် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

# ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါး ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော "Melting Ice- A Hot Topic?" **"ရေခဲတောင်များ တည်တံ့ရေး၊ ထိပ်တန်းဦးစားပေး"** ဆောင်ပုဒ်နှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ ကမ္ဘာပေါ်တွင် ကမ္ဘာကြီး ပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းသည် အရေးကြီးသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဖြစ်ပျက်မှုများဖြစ်သည်။ စက်မှုမထွန်းကားမီကပင် ကမ္ဘာသည် ခန့်မှန်းခြေအားဖြင့် ၀ ဒသမ ၇၅ ဒီဂရီ စင်တီဂရိတ် ပူနွေးခဲ့သည်။ ကမ္ဘာပေါ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ များလာမှုတို့ကြောင့် ကမ္ဘာကြီး ပူနွေးလာခဲ့ရာ နှစ်ပေါင်း ၁၂၅ နှစ်အတွင်း ၁၉၉၀ပြည့်နှစ်သည် အပူရှိန်အများဆုံးနှစ်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ယခုရာစုနှစ်တွင် ၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်နှင့် ၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ကြား ပူနွေးလာမည်ဖြစ်သည်ဟု ခန့်မှန်းထားသည်။

ရာသီဥတု ပြောင်းလဲခြင်းကြောင့် ထိခိုက်မှုများ ပေါ်ပေါက်လျက်ရှိသည်။ ဥပမာအားဖြင့် အာတိတ်ဒေသ ရေခဲတောင်ဧရိယာ ကျုံ့လာခြင်းနှင့် ရေခဲတောင်များ အရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တတ်လာခြင်း၊ ရေခဲမြစ်နှင့်ရေခဲကန်များ ပြိုကွဲခြင်း၊ အပူပိုင်းမုန်တိုင်း များလာခြင်း၊ အချို့ဒေသများတွင် စားနပ်ရိက္ခာ စိုက်ပျိုးရာ၌ ခက်ခဲမှုရှိလာခြင်းနှင့် အပင်နှင့် သတ္တဝါများ၏ နေထိုင်မှုပုံသဏ္ဍာန် ပြောင်းလဲလာခြင်းတို့ကို ဖြစ်စေသည်။ ပုံမှန်ရာသီဥတု ပြောင်းလဲခြင်းရှိပြီး ကမ္ဘာကြီး ပူနွေးမှုလျော့မှသာလျှင် ကမ္ဘာ့မြောက်ဖျားစွန်းရှိ ရေခဲတောင်များ တည်တံ့ပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။

ထိုသို့ ရေခဲတောင်များ တည်တံ့ရေးကို ဆောင်ရွက်သင့်သည့်လုပ်ငန်းများ အပါအဝင် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်နှင့် သာဓကများ ပါဝင်သော ဆောင်းပါးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ပါသည်။

ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး (၁၀)မျက်နှာ၊ ကွန်ပျူတာဖြင့် (-Win---Innwa, Font size-17) စာစီစာကုံး ရေးသားရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ စသည်တို့ကို တစ်ပါတည်း ဖော်ပြရန်ဖြစ်သည်။ အဆင့်မီ ဆောင်းပါးဆုရရှိသူများကို ၂၀၀၇ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး (သစ်တောဦးစီးဌာန-ညွှန်ကြားရေးမှူးချုပ်ရုံးဝင်း ဘုရင့်နောင်လမ်းမကြီး အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့)သို့ မေ ၁၅ ရက် ညနေ ၄နာရီအရောက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့အတွက်ကိုပါ အထောက်အကူပြုဖြစ်စေမည့် ပညာရေးစနစ်တစ်ရပ် ဖြစ်လာစေဖို့ ဦးတည်ကြိုးပမ်း ဆောင်ရွက်နေ

❐ **မျိုးချစ်စိတ်ဓာတ်မှ**

တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ပညာရေးကောလိပ် ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ နီးနှောဖလှယ်ပွဲ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### စွမ်းအားကောင်းများ

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာနှင့်အဝန်းတွင် မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ခေတ်သစ်သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို ရယူအသုံးချနိုင်စေရန် နိုင်ငံတိုင်း နိုင်ငံတိုင်းက အပြိုင်အဆိုင် အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြရသည့် အချိန်အခါသမယ၌ မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမြှင့်တင်ရေး ရည်မှန်းချက်များနှင့် ယခုကဲ့သို့ ဆွေးနွေးဖလှယ်ကြခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားကောင်းများ တည်ဆောက်ပေးခြင်း ဖြစ်သည်ကို ပထမဦးစွာ ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နေရသည်သာမက အကြောင်းကြောင်းများကြောင့် ခေတ်နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတော်ကြီးကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အပါအဝင် အဘက်ဘက်ကနေ အသစ်တစ်ဖန် ပြန်လည်ထူထောင်ပေးနေရခြင်းဖြစ်ကြောင်း၊ အလားတူ အနာဂတ်နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်ကိုက်ညီသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို ရေရှည်မျှော်မှန်း တည်ဆောက်ပေးနေရသည့် နိုင်ငံတော် တည်ဆောက်ရေး တာဝန်များကိုပါ တစ်ပြိုင်နက်တည်း ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းယှက်နွယ်နေထိုင်ရာဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ ခိုင်ခံ့စေရေးမှာ နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားမှု နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှု စွမ်းအားကောင်းများ အစဉ်ထာဝရ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ မိမိတည်ဆောက်လိုစိတ်၊ မိမိပြည်ထောင်စုကြီး မယိုင်မလဲ မပြိုကွဲစေရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်တို့ကို အခြေခံသည့် အမျိုးသားရေးစိတ်ဓာတ် စွမ်းအားကောင်းများ ရှင်သန်နိုးကြားနေစေရန် တစ်ဖက်က ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် စီမံဆောင်ရွက်ကြရာတွင် နိုင်ငံတော်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးတို့နှင့် ယှဉ်တွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့အတွက်ကိုပါ အထောက်အကူဖြစ်စေမည့် ပညာရေးစနစ်တစ်ရပ် ဖြစ်လာစေဖို့ ဦးတည်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### အထူးလိုအပ်

သို့အတွက် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် စွမ်းဆောင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းရေး၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဘက်စုံကဏ္ဍစုံတွင် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးတို့အတွက်သာမက နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ပညာရေးအခွင့်အလမ်းများ ညီညီမျှမျှရရှိစေပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံပြီး မိမိနိုင်ငံ မိမိတည်ဆောက်ကာကွယ်လိုသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန် ထွန်းကားပြန့်ပွားထက်သန်ခိုင်ခံ့စေရေးဆိုသော ရည်မှန်းချက်များကို မျက်ခြည်မပြတ်စေရေး အထူးလိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အခါမလပ် ကြပ်မတ်လမ်းညွှန်ပေးမှု၊ နိုင်ငံတော်အစိုးရ၏ ပညာရေးမူဝါဒများ ချမှတ်ပေးမှုတို့အောက်တွင် အင်တိုက်အားတိုက် နှီးနှောဆွေးနွေး၊ စီမံကိန်းများ စီမံချက်များ လုပ်ငန်းစဉ်များ ချမှတ်၊ တက်တက်ကြွကြွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကြောင့် ယနေ့နိုင်ငံတော်အတွင်းတွင် ပညာရေးအခြေခံကောင်းများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများ၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာပြီး မျှော်မှန်းတည်ဆောက်နေသည့် ပညာရေးစနစ်သည်လည်း တစ်စထက်တစ်စ ရုပ်လုံးပေါ် ဖြစ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ၏ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှုကိုကြည့်လျှင် စီမံကိန်းတစ်ရပ် မပြီးဆုံးမီမှာပင် ပိုမိုပြည့်စုံသည့် စီမံကိန်းတစ်ရပ်ကို တက်လှမ်းပြီး ရပ်တန့်နားနေခြင်းမရှိ၊ ဆက်တိုက်ရှေ့ကိုလှမ်းရင်း အရှိန်အဟုန်မြှင့်တင်မှုများ၊ အဆင့်မြှင့်တင်မှုများ၊ နယ်ပယ်ချဲ့ထွင်လွှမ်းခြုံပေးမှုများ၊ အရည်အသွေးမြှင့်တင်ပေးမှုများကို inward, oudward, in-depth အဘက်ဘက်မှာ တိုးတက်ဖြန့်ကြက် ဆောင်ရွက်လာခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာန ၂၀၀၇ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲတွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ထုထည်ပမာဏအနေနှင့်ကြည့်မည်ဆိုလျှင်လည်း အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်(၁၀)ရပ်၊ စီမံချက်(၃၀)ခုနှင့် စီမံချက်ခွဲ (၁၀၀)ကျော်ကို နိုင်ငံတော် တစ်နံတစ်လျား၌ ဖြန့်ကြက်တည်ရှိနေသော အခြေခံပညာကျောင်းပေါင်း ၄၀၅၀၀ ကျော်၊ တက္ကသိုလ် ကောလိပ်ပေါင်း ၁၅၀ ကျော်၌ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဤအခြေခံပညာကျောင်းများ၊ တက္ကသိုလ်များကို ချိတ်ဆက်ပေးထားသည့် e-Learning Centre များ၊ Computer Network များ ပါဝင်သည့် အီလက်ထရွန်နစ် အခြေခံအဆောက်အအုံများ၊ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေသည့် ကျောင်းတွင်းပညာရေး လှုပ်ရှားမှုများနှင့် ကျောင်းပြင်ပ ပညာရေးလှုပ်ရှားမှုများ၊ တက္ကသိုလ် ကောလိပ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ၏ Parallel Education System များ ပေါင်းစည်းထားသည့် အလွန်ကြီးမားကျယ်ပြန့်သော ပညာရေးကဏ္ဍကြီး၌ လုပ်ငန်းများ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နေခြင်းလည်း ဖြစ်ကြောင်း။

ဤကဲ့သို့ ထုထည်ပမာဏကြီးမားစွာ၊ အရှိန်အဟုန်မြင့်မားစွာ၊ ကျယ်ကျယ်ဝန်းဝန်း၊ နက်နက်ရှိုင်းရှိုင်း၊ လျင်လျင်မြန်မြန် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် မျက်ရမ်းမှန်းဆ ဆောင်ရွက်နေခြင်းမဟုတ်ပဲ တိကျသော မျှော်မှန်းချက်ပန်းတိုင်၊ ခိုင်မာသည့် မဟာဗျူဟာ၊ လက်တွေ့ကျသည့် နည်းဗျူဟာများဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်ကို အမြဲမပြတ် သတိပြုရန်လိုကြောင်း၊ ရည်မှန်းချက်မပျောက်စေရေး၊ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုများသည် မျှော်မှန်းချက်ပန်းတိုင်ကို စုစည်းတူရူပြုနေစေရေး အမြဲမပြတ် သုံးသပ်ထိန်းကျောင်း ပြုပြင်ပေးနေရမှာဖြစ်ကြောင်း၊ ယင်းတို့မှာ ယနေ့ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ၏ ပဓာနကျသည့် လုပ်ငန်းတာဝန်ပင် ဖြစ်ကြောင်း။

ပညာရှင်များဖြစ်ကြသော ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဤသဘောထား၊ ဤခံယူချက်တို့ကို နှလုံးသွင်းပြီး မိမိတို့ တတ်သိကျွမ်းကျင်ရာ ပညာရပ်ဆိုင်ရာ သီဝရီများ၊ သဘောတရားများ၊ လက်တွေ့ဘဝအတွေ့အကြုံများ ပေါင်းစပ်နှီးနှောဖလှယ်ရင်း ပညာရေးလောကနှင့်တကွ ကျောင်းသူ၊ ကျောင်းသားများအတွက် အကျိုးရှိ အထိရောက်ဆုံး အကောင်းဆုံးသော သင်ရိုးညွှန်းတမ်းများ၊ လုပ်ငန်းစဉ်များကို ချမှတ်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

### ဆင့်ပွားဖြစ်ထွန်းလာခဲ့

ဤသို့သော ပညာရေးနှီးနှောဖလှယ်ပွဲများကတစ်ဆင့် နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာလမ်းညွှန်မှုများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာမူဝါဒများသည် ပညာရှင်များ၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများ ပညာရေးဆိုင်ရာ တွေးခေါ်မြော်မြင်မှုများ၊ တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစည်းပြီး ပညာရေးဝန်ထမ်းများကိုယ်တိုင် ညှိနှိုင်းတိုင်ပင် စီမံဖန်တီးပေးလိုက်သည့် ပညာရေးဆိုင်ရာစီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းစဉ်များအဖြစ် ဆင့်ပွားဖြစ်ထွန်းလာခဲ့ခြင်းပင် ဖြစ်ကြောင်း။

ယနေ့ ပညာရေးကဏ္ဍ၏ အခြေအနေကို ကြည့်မည်ဆိုလျှင် ပညာသင်ယူနိုင်မှု အခွင့်အလမ်းပိုင်းတွင် ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်းကို အားလုံးအသိအမြင်ပင်ဖြစ်ကြောင်း၊ နယ်စပ်အစွန်အဖျားဒေသများ၊ ကျေးလက်ဒေသများကအစ အခြေခံပညာကျောင်းများ လက်လှမ်းတမီ ရှိနေပြီဖြစ်သကဲ့သို့ ပြည်နယ်နှင့်တိုင်း မြို့ကြီးများ၌လည်း တက္ကသိုလ်ကောလိပ်များ ဖြန့်ကြက်တည်ရှိနေပြီဖြစ်ကြောင်း၊ ထို့ပြင် ပညာရပ်အလိုက် ရွေးချယ်သင်ယူနိုင်မှု အခွင့်အလမ်းများသည်လည်း အခြေခံပညာအဆင့်ကနေ အဆင့်မြင့်ပညာ အဆင့်အထိ တစ်ဆက်တည်း ဖြစ်ထွန်းနေပြီ ဖြစ်သည့်အတွက် ယခုဆိုလျှင် နိုင်ငံတကာအဆင့်မီ ပညာရပ်များ၊ ပေါင်းစပ်ပညာရပ်များ၊ ပညာရပ်မျိုးကွဲများ စုံစုံလင်လင် ရွေးချယ်သင်ယူနိုင်သော အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပညာရေးကဏ္ဍအနေနှင့် ယနေ့ အလေးထားလုပ်ဆောင်ရမည့် အဓိကတာဝန်မှာ ပညာရည်မြင့်မားရေး သင်ကြားမှု သင်ယူမှု အရည်အသွေးမြှင့်တင်ရေးပဲဖြစ်သည်ဟု လမ်းညွှန်မိန့်ကြားခဲ့ခြင်းဖြစ်ကြောင်း။

### လက်တွေ့အကျိုးရှိမည့်ပညာရေးစနစ်

နိုင်ငံတော်အကြီးအကဲက နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲရန်နှင့် ပညာရေးကဏ္ဍ ရပ်တည်ချက်အနေဖြင့် **“ပညာရေးသည် ပညာရေးအတွက်သက်သက်”** (Education For the Education’s sake) မဖြစ်စေရဘဲ **“ပညာရေးသည် နိုင်ငံတော်အတွက်”** (Education For the State, Education For the Nation) ဖြစ်သည်ဟု ခံယူပြီး နိုင်ငံအတွက် လက်တွေ့အကျိုးရှိမည့် ပညာရေးစနစ် ဖြစ်လာစေရအောင် ဦးတည်ဆောင်ရွက်သွားရေး မိန့်ကြားထားပြီးဖြစ်ကြောင်း။

လက်တွေ့လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအဖြစ်—

- **ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝထက်မြက်စေရေး၊**
- **သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင် ဆောင်ရွက်ရေး၊**
- **သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံဖြင့် ထိထိရောက်ရောက် အသုံးပြုသင်ကြားရေး၊**
- **ကျောင်းများ၏ ဥပဓိရုပ် ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရေး**

ဆိုသည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်အကြီးအကဲက ကျောင်းသူ၊ ကျောင်းသား လူငယ်များကို မူလတန်းအဆင့် ကလေးအရွယ်ကစတင်ပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ရရှိဖြစ်ထွန်းလာစေရန် ပညာရေးကတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးဖို့ အဓိကထား လမ်းညွှန်မိန့်ကြားထားကြောင်း။

ယခုကျင်းပသည့် ပညာရေးနှီးနှောဖလှယ်ပွဲမှာလည်း ပုံမှန်သုံးသပ်ဆွေးနွေးနေကျ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းလုပ်ငန်းများအပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများကို နိုင်ငံတကာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများဖြင့် ယှဉ်တွဲသုံးသပ် အဆင့်မြှင့်တင်ရေး၊ အဆင့်မြင့် နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ အခြေခံပညာကျောင်းများ၏ သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးနှင့် ကျောင်းဥပဓိရုပ် တိုးတက်ကောင်းမွန်ရေး အစီအမံများကို အထူးပြုဆွေးနွေးသွားမည်ဟု သိရကြောင်း။

ထို့ကြောင့် အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းမြင့်မားသည့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ဖြစ်လာစေရအောင် ဖန်တီးဖော်ဆောင်ကြသည့် နေရာတွင်—



- နိုင်ငံတကာ၌ တိုးတက်ပြောင်းလဲနေသော ဝိဇ္ဇာသိပ္ပံနှင့် နည်းပညာများကို လွှမ်းခြုံကိုယ်စားပြုနိုင်စေရေး၊
- ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူနိုင်ရေး၊
- ကျောင်းသူ၊ ကျောင်းသားများ၏ လိုလားချက်၊ အလားအလာ၊ အခွင့်အလမ်းတို့ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ကျွမ်းကျင်မှု၊ နှိုင်းချင့်တွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ပြည့်ဝရင့်ကျက်မှု အရည်အသွေးများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေး၊
- ခေတ်မီသင်ကြားမှု သင်ယူမှုနည်းစနစ်များ၊ အထောက်အကူပြုပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်စေရေး၊
- တတ်ကျွမ်းနားလည်သွားသည်အထိ ထိရောက်အကျိုးရှိစွာ သင်ကြားသင်ယူနိုင်ရေးကို အထောက်အကူဖြစ်စေရေး၊
- လက်တွေ့အသုံးတည့် အကျိုးရှိစေရေး၊ တစ်နည်းအားဖြင့် ပြန်လည်အကျိုးရှိအောင် အသုံးချနိုင်သည့် စွမ်းရည်ရှိစေရေး၊
- ပြန်လည်စိစစ်အကဲဖြတ်မှု Assessment system ကောင်းမွန်စေဖို့၊
- အဆင့်မြင့် သုတေသနလုပ်ငန်းများ ဖြစ်ထွန်းစေရေးနှင့် အပြန်အလှန် အကျိုးဖြစ်စေရေး

စသည့် အရည်အသွေးများနှင့် ပြည့်စုံစေရအောင် အထူးသတိပြု ဆွေးနွေး သုံးသပ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယနေ့နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများမှာ အလွန်တရာလျင်မြန်ပြီး နက်ရှိုင်းသိမ်မွေ့လှသကဲ့သို့ ဖွံ့ဖြိုးတိုးမှုနယ်ပယ်ကဏ္ဍစုံကို အလွန်ကြီးမားသည့် အရှိန်အဟုန်ဖြင့် လွှမ်းခြုံရိုက်ခတ်ပြောင်းလဲစေလျက်ရှိသည့်အတွက် နည်းပညာကွာဟမှုသည် နိုင်ငံနှင့်လူမျိုးကို နောက်တန်းကို ပို့ပစ်နိုင်သည့် အခြေအနေမျိုးကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှုသည်သာ နိုင်ငံနှင့်လူမျိုး ရှင်သန်ဖွံ့ဖြိုးမှုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် စွမ်းအားအစစ်အမှန် ဖြစ်နေပြီဖြစ်ကြောင်း။

ထိုပြင် စိတ်ဓာတ်ရေးရာအခြေခံများဖြစ်သည့် စာရိတ္တမြဲမြံခိုင်ကျည်မှု၊ ကိုယ်ကျင့်တရားမြင့်မားမှု၊ စိတ်ဓာတ်တည်ကြည်ခိုင်မာမှု၊ ရိုးသားဖြောင့်မတ်မှု၊ စည်းကမ်းလိုက်နာမှု၊ ပရဟိတစိတ်ဓာတ် ထက်သန်မှုစသော နိုင်ငံကြီးသားဂုဏ်ရည်များဖြင့် ပြည့်စုံစေရအောင် အခြေခံပညာကျောင်းများမှ စတင်လေ့ကျင့် သင်ကြားပေးရမှာဖြစ်ကြောင်း။

အထူးသဖြင့် အနေအထိုင်အမူအကျင့်အပိုင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၊ အမျိုးသားရေးလက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများ၊ လူမှုတန်ဖိုးများကို မြတ်နိုးလေးစား လိုက်နာကျင့်ကြံနိုင်စေရန် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးကြဖို့ လိုကြောင်း။

### လေ့ကျင့်ပျိုးထောင်ပေး

အဓိကအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသူ၊ ကျောင်းသားလူငယ်များကို တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ ထက်သန်ခိုင်မာစေရအောင် မူလတန်းက စတင်ပြီး လေ့ကျင့်ပျိုးထောင်ပေးကြဖို့ ဖြစ်ကြောင်း။

နိုင်ငံနှင့် လူမျိုးကို ချစ်သည့်စိတ်ဓာတ်၊ တရားဥပဒေ စည်းမျဉ်းစည်းကမ်း လေးစားလိုက်နာတတ်သည့် စိတ်ဓာတ်၊ ရဲရင့်တည်ကြည်မြင့်မြတ်သည့် စိတ်ဓာတ်၊ အမျိုးကိုထိရင် မချိအောင်နာတတ်သည့် ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်စသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို ကလေးငယ် ဘဝကစပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာသည်အထိ စွဲစွဲမြဲမြဲခံယူကျင့်သုံးလာကြစေရအောင် ပညာရေးအစီအမံများ ချမှတ်အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ အလားတူ လက်တွေ့သင်ကြားလေ့ကျင့်ပေးရသည့် ဆရာ၊ ဆရာမများကလည်း အမြဲမပြတ် အခွင့်သင့်လျှင် သင့်သလို သွန်သင်ဆုံးမ စေ့ဆော်စည်းရုံးပေးကြဖို့ လိုအပ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် အလွန်ထုထည်ပမာဏကြီးမားပြီး သိမ်မွေ့နက်ရှိုင်းသည့် ပညာရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နောင်အနာဂတ် အနှစ်(၃၀)၏နောက်ပိုင်းကို မျှော်မှန်းထားသည့် အလွန်တရာ မွန်မြတ်မြင့်မားသည့် ပညာရေးရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

ဤသို့ အလွန်ကျယ်ပြန့်နက်ရှိုင်းသည့် လုပ်ငန်းများကို ဆောင်ရွက်နေရခြင်း ဖြစ်သော်လည်း **နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ အခါမလပ်ချမှတ်ပေးနေမှု၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာမူဝါဒများ ပြည့်စုံခိုင်မာမှုတို့၏ ထိန်းကျောင်းလမ်းညွှန်မှုကြောင့် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပညာရေးဆိုင်ရာ စီမံခန့်ခွဲသူများ၊ ပညာရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများ၏ နှစ်စဉ်မပျက် ဆွေးနွေးတိုင်ပင် နှီးနှောဖလှယ်မှု၊ လက်တွေ့ကျသော ပညာရေး စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်မှု၊ ပညာရေးဝန်ကြီးဌာန အပါအဝင်အစိုးရဝန်ကြီးဌာနများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ၏ ညှိနှိုင်းပေါင်းစပ် စီမံဆောင်ရွက်မှုများကြောင့် လည်း မြားမြောင်လှသော ပညာရေးလုပ်ငန်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း။**

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချမှတ်ပေးထားသည့် ပညာရေးအရည်အသွေး တိုးတက်မြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီစေရေး၊ ဆရာအတတ်ပညာ အရည်အသွေးပြည့်ဝရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ၊ စည်းကမ်းကို လိုက်နာတတ်သည့် အခြေခံကောင်းများ၊ မူလတန်းပညာမှ စတင်၍ လေ့ကျင့်ပျိုးထောင်ပေးရေး ဆိုသည့် လမ်းညွှန်ချက်များကို အမြဲမပြတ် နှလုံးသွင်းပြီး ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေမည့် ပညာရေးဆိုင်ရာ စီမံချက်များ၊ လုပ်ငန်းစဉ်များကို အောင်အောင်မြင်မြင် ဆွေးနွေးညှိနှိုင်း ချမှတ်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### လှည့်လည်ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးဖွံ့ဖြိုးမှု ပြကွက်များ၊ ရောဂါကြီးခြောက်မျိုးဆိုင်ရာ သုတေသန၊ နိုင်ငံတကာ သုတေသနဂျာနယ်များတွင် ထည့်သွင်းဖော်ပြခဲ့သော သုတေသနများ၊ စီးပွားရေးပညာဆိုင်ရာ သုတေသန၊ ပညာရေးဆိုင်ရာ သုတေသန၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ သုတေသန၊ သိပ္ပံနှင့်အသုံးချသိပ္ပံဆိုင်ရာ သုတေသန၊ လူမှုရေးသိပ္ပံဆိုင်ရာ သုတေသန၊ တိုင်းရင်းသားမောင်နှမများ ဘာသာစကားဆိုင်ရာ သုတေသနနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးဆိုင်ရာ သုတေသနစသည့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ပြကွက်များနှင့် သိပ္ပံပစ္စည်း အလုပ်ရုံမှ ထုတ်လုပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် သုတေသန လုပ်ငန်းသုံးပစ္စည်းများ ပြကွက်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၀၇ ခုနှစ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး အကြို ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၅ ရက်မှ ၂၈ ရက်အထိ လည်းကောင်း၊ အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၇ ရက်မှ ၂၉ ရက်အထိ လည်းကောင်း နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

☆ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ အခါမလပ် ချမှတ်ပေးနေမှု၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မူဝါဒများ ပြည့်စုံခိုင်မာမှုတို့၏ ထိန်းကျောင်းလမ်းညွှန်မှုကြောင့် လုပ်ငန်းများအောင်မြင် ဖြစ်ထွန်းနေခြင်းဖြစ်။

☆ ထို့အပြင် ပညာရေးဆိုင်ရာ စီမံခန့်ခွဲသူများ၊ ပညာရှင်များ၊ ဆရာကြီး ဆရာမကြီးများ၏ နှစ်စဉ်မပျက် ဆွေးနွေးတိုင်ပင် နှီးနှောဖလှယ်မှု၊ လက်တွေ့ကျသော ပညာရေး စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်မှု၊ ပညာရေးဝန်ကြီးဌာနအပါအဝင် အစိုးရဝန်ကြီးဌာနများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ၏ ညှိနှိုင်းပေါင်းစပ် စီမံဆောင်ရွက်မှုများကြောင့်လည်း မြားမြောင်လှသော ပညာရေးလုပ်ငန်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းနေခြင်းဖြစ်။



ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်ထွန်း ရန်ကုန်သစ် ရပ်ကွက် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်/လူဝင်မှုကြီးကြပ်ရေး)

## အင်အားပြင်းထန် မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် မေ ၂၇**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၃၅ မိနစ် ၃၆စက္ကန့် အချိန်က မ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၈၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ (Banda Aceh, Sumatra, Indonesia)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

## ဒလမြို့နယ်တွင် စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကျင်းပသည့် နှစ်ပတ်လည် အစည်းအဝေးနှင့် စာပေဟောပြောပွဲကို မေ ၂၉ ရက် ညနေ ၃နာရီတွင် သီရိဇေယျ နော်ရထာ မြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာကြီးများ ဖြစ်ကြသော ရွှေစွန်ညို၊ ဒေါက်တာခင်မောင်ညိုနှင့် ကောင်းသန့်တို့က စာပေရေးရာများကို ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ROAD SAFETY
IS NO ACCIDENT
လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်
(၂၃-၄-၂၀၀၇) မှ (၂၉-၄-၂၀၀၇) ထိ
ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## NLD ပါတီ၏ကျဉ်းမြောင်းသော အတွေးအခေါ် အယူအဆများကို လက်မခံနိုင်တော့သဖြင့် ဝက်လက်မြို့နယ်မှ ပါတီဝင်သုံးဦး နုတ်ထွက်

**ရန်ကုန် မေ ၂၇**

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးတင်ဝေ၊ ဦးမောင်ကို၊ ဦးကျော်မြင့်တို့ သုံးဦးသည် ၂၀၀၇ ခုနှစ် မတ် ၇ ရက်နေ့တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့ခြင်း၊ ပါတီ၏ လုပ်ငန်းစဉ်များအပေါ်တွင်လည်း စိတ်ပါဝင်စားမှုမရှိတော့ခြင်းနှင့် NLD ပါတီ၏ ကျဉ်းမြောင်းသော အတွေးအခေါ် အယူအဆများကို လက်မခံနိုင်တော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၈-၄-၂၀၀၇**
**(စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်)** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | အကပြိုင်ပွဲ |
| ၈:၀၀ | ၆။ | တမာနှင့် ဖိုးနီရေလှောင်တမံ |
| ၈:၀၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈:၁၅ | ၈။ | တေးဂီတအစီအစဉ် |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | Grammar Made Easy. |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁:၄၀ | ၄။ | ချစ်စရာ့အရွယ် ကစားကြမယ် |
| ၁၂:၀၅ | ၅။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂:၅၅ | ၆။ | **"အရိပ်အကဲ" (ကိုကိုလင်းမောင်၊ မို့မို့မြင့်အောင်၊အောင်ခိုင်) (ဒါရိုက်တာ-မောင်နှင်းမိုး)** |
| ၁:၃၀ | ၇။ | မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့ (အပိုင်း-၁) |
| ၁:၄၅ | ၈။ | အတီးပြိုင်ပွဲ |
| ၂:၀၀ | ၉။ | မန်းချောင်းတံတား |
| ၂:၀၅ | ၁၀။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၂:၂၀ | ၁၁။ | သက်တန့်ရောင်သံစဉ် |
| ၂:၃၀ | ၁၂။ | **"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)** |
| ၂:၄၅ | ၁၃။ | International News. |
| ၃:၀၀ | ၁၄။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | English for Everyday Use. |
| ၄:၄၀ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၄:၅၅ | ၅။ | တေးဂီတအစီအစဉ် |
| ၅:၁၀ | ၆။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၅:၃၀ | ၇။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၆:၀၀ | ၈။ | ညနေခင်းသတင်း |
| ၆:၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၀။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၇:၀၀ | ၁၁။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ ကျုံပျော်မှုကလော(ခေါ်) ပီလောပီနံ့မှုန့် |
| ၇:၁၀ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၂၀)** |
| ၈:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၁၁)** |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

# မုတ်သုံဖိုရမ် ၂၀၀၆-၂၀၀၇ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၇

**ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် ထိုင်းနိုင်ငံ အခြေစိုက်အာရှဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟိုဌာန (Asian Disaster Preparedness Centre - ADPC) တို့ ပူးပေါင်းကျင်းပသည့် မုတ်သုံဖိုရမ် (Monsoon Forum) ၂၀၀၆-၂၀၀၇ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**






ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မုတ်သုံဖိုရမ် ၂၀၀၆-၂၀၀၇ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

### တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံ အခြေစိုက် အာရှဒေသသဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟိုဌာန Climate Risk Management မှ ညွှန်ကြားရေးမှူး Mr. A.R Subbiah နှင့် ပညာရှင်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေများဖြင့် ရေအရင်းအမြစ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အနောက်တောင်မုတ်သုံလေကြောင့် မုတ်သုံရာသီကာလအတွင်း မိုးရွာသွန်းမှုကြောင့် မိုးရေကို လုံလောက်စွာရရှိနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်ပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်သည့် မုန်တိုင်းများကြောင့်လည်း မုတ်သုံအကြိုကာလနှင့် မုတ်သုံလွန် ကာလများအတွင်း မိုးရေကို နှစ်စဉ်လုံလောက်စွာ ရရှိပြီး မြန်မာနိုင်ငံ၏ တောင်မြောက်ရှည်လျားသည့် သမပိုင်းရာသီဥတုနှင့် အီကွေတာဒေသ ရာသီဥတုများကြောင့် မိုးရွာသွန်းမှုကို ရရှိစေခဲ့ကြောင်း။

မိုးရွာသွန်းမှုအနေဖြင့် အထူးသဖြင့် မြန်မာနိုင်ငံ၏ အချို့နေရာများဖြစ်သည့် အနောက်ဘက်တွင်စစ်တွေ၊ တောင်ဘက်တွင် ထားဝယ်ဒေသများ၌ နှစ်စဉ်မိုးရေချိန် ၄၅၀၀ မီလီမီတာကျော် ရရှိသော်လည်း မြန်မာနိုင်ငံ အလယ်ပိုင်းဖြစ်သည့် ချောက်မြို့၌ နှစ်စဉ် မိုးရေချိန် ၅၀၀ မီလီမီတာခန့်သာ ရွာသွန်းလေ့ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် ငါးလခန့်ကာလအတွင်း၊ သန့်ရှင်းသော သောက်သုံးရေများကို မိုးရွာသွန်း မှုမှ ရရှိစေကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အမြဲတမ်းစွတ်စိုသည့်ကာလ ငါးလခန့်နှင့် ခြောက်သွေ့ကာလ ခုနစ်လခန့်ဖြစ်ပေါ်လေ့ရှိကြောင်း။

၁၉၈၈ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံပြီး အခြား စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံ လိုအပ်ချက်တစ်ရပ်အနေဖြင့် သန့်ရှင်းသောရေ လုံလောက်စွာ ရှိနိုင်ခြင်းသည်လည်းပါဝင်ရာ သန့်ရှင်းသောရေကို ပြည်သူများ နေ့စဉ်/နှစ်စဉ် လုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ ဆည်များ၊ ရေလှောင်တမံများသို့ လုံလောက်ပြည့်မီစွာ စီးဝင်နိုင်စေခြင်းဖြင့် လိုအပ်သော ရေအသုံးချကဏ္ဍများအတွက် ပြည့်ဝစွာ အထောက်အကူ ဖြစ်စေနိုင်ကြောင်း။ စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတု၊ မိုးလေဝသနှင့် ရေရရှိမှုတို့ကို များစွာမှီခိုလျက်ရှိကြောင်း။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကလည်း ရေအရင်းအမြစ်များ ထုတ်ဖော်အသုံးပြုနိုင်ရေး၊ မြစ်ချောင်းများအတွင်း ရေစီးဆင်းမှုအခြေအနေများကို စောင့်ကြည့်တိုင်းတာလျက်ရှိပြီး မိုးလေဝသစခန်း ၁၀၂ စခန်းနှင့် ဇလဗေဒစခန်း ၆၉ စခန်းတို့ကို မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း။

ယခု ကျင်းပသည့် မုတ်သုံဖိုရမ် ဆွေးနွေးပွဲ၌ မိုးလေဝသနှင့် ရာသီဥတု အခြေအနေများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်တတ်သည့် အကြောင်းအချက်များကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြသွားကြမည် ဖြစ်သကဲ့သို့ ဆွေးနွေးချက်များအရ အဆိုပါဒေသများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ကြောင်း၊ ဆွေးနွေးတင်ပြကြရာတွင် ပြည့်ပြည့်စုံစုံတင်ပြဆွေးနွေးနိုင်ခြင်းဖြင့် အသေးစိတ် လိုအပ်ချက်များကို ပြည့်ပြည့်ဝဝ ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်၍ တက်ရောက်လာသော ဒေသခံကိုယ်စားလှယ်များက ပြည့်စုံစွာ တင်ပြဆွေးနွေးသွားရန် တိုက်တွန်းလိုပါကြောင်း။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ယခုဆွေးနွေးပွဲတွင် ၂၀၀၇ ခုနှစ်အတွက် ရာသီအလိုက် မိုးလေဝသ ခန့်မှန်းချက်များ၊ မြစ်ရေခန့် မှန်းချက်များကို တင်ပြပေးသွားမည်ဖြစ်၍ သက်ဆိုင်ရာလုပ်ငန်းဌာနများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။ နောက်ဆက်တွဲ မုတ်သုံဆွေးနွေးပွဲများကို မုတ်သုံလွန်ကာလတွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် မုတ်သုံကာလအတွင်းတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ အားနည်းချက်/ အားသာချက်များကို ယခုဆွေးနွေးပွဲကဲ့သို့ ခရိုင်နှင့်သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများ လုပ်ငန်းများမှ ကိုယ်စားလှယ်များကလည်း ထပ်မံတင်ပြဆွေးနွေးကြပြီး ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရေးကို အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း။

ယခု မုတ်သုံဖိုရမ်တွင် အစွန်းရောက် မိုးလေဝသနှင့် ဇလဗေဒ ဖြစ်စဉ်များနှင့် ပတ်သက်၍ တက်ရောက်လာကြသော သက်ဆိုင်ရာ အစိုးရဌာနများ၊ လုပ်ငန်းများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြု တင်ပြကြလျှင်ဖြစ်၍ မိုးလေဝသနှင့်ရာသီဥတုကြောင့် ဖြစ်ပေါ်သော ဖြစ်စဉ်များအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရရှိနိုင်မည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ခန့်မှန်းချက်၊ သတိပေးချက်များ ပိုမိုတိကျမှန်ကန်စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းရန် နည်းလမ်းကောင်းများ ပေါ်ထွက်လာနိုင်မည် အမှန်အကန်ဖြစ်မည်ဟု ပြောကြားလိုကြောင်း။

အာရှသဘာဝဘေး ကြိုတင်ပြင်ဆင်ရေး ဗဟိုဌာန၏ ဦးဆောင်ဆွေးနွေးမှု၊ ထောက်ပံ့ပေးမှုများကြောင့် သက်ဆိုင်ရာဌာနများအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ဒေသခံကိုယ်စားလှယ်များ၏ အခက်အခဲများကို ပူးပေါင်းဖြေရှင်းပေးနိုင်ခြင်း၊ အတွေ့အကြုံများ ရရှိစေနိုင်ခြင်းဖြင့် ဆွေးနွေးပွဲကြီးကို ပြီးမြောက်အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်သည်ဟု ယူဆပါကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ အခြေစိုက် အာရှဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဗဟို ဌာန Climate Risk Management မှ ညွှန်ကြားရေးမှူး Mr. A.R Subbiah က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ဖွင့်ပွဲအခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ဧည့်သည်တော်များနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် မုတ်သုံဖိုရမ် ၂၀၀၆-၂၀၀၇ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကိုယ်စားလှယ်များက မုတ်သုံရာသီကာလအတွင်း မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် သတိပေးချက်များနှင့် စပ်လျဉ်း၍ ဌာနအဖွဲ့အစည်းများ၏ အသုံးပြုဆောင်ရွက်နေကြသည့် အခြေအနေများနှင့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ဧပြီ ၂၇ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ မုတ်သုံဖိုရမ် ဆွေးနွေးပွဲများကို နှစ်စဉ် မုတ်သုံအကြိုနှင့် မုတ်သုံ ဆုတ်ခွာပြီးကာလများတွင်တစ်နှစ်လျှင်နှစ်ကြိမ် ပုံမှန်ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ မုတ်သုံဆုတ်ခွာမည့် နိုဝင်ဘာတွင် ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဘဒ္ဒန္တ သဇ္ဈနာဘိဝံသ ပျံလွန်တော်မူ

**ရန်ကုန် ဧပြီ ၂၇**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သဇ္ဈနောဒယ ကျောင်းတိုက် မှပဓာနနာယက သက်တော်(၈၈)နှစ် သိက္ခာတော်(၆၇)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသဇ္ဈနာဘိဝံသသည် ဧပြီ ၂၄ရက် ညနေ ၃နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက်ရှိ ယာယီသီတင်းသုံးရာကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဈာပနအခမ်းအနားကို စစ်ကိုင်းတောင်ရိုး သဇ္ဈနောဒယကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တသြဘာသပျံလွန်တော်မူ

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ သီရိမင်္ဂလာ ပျော်ဘွယ်ကျောင်းတိုက်မှ ပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သက်တော်(၈၀) သိက္ခာတော် (၆၀)ရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသသည် ဧပြီ ၂၆ရက် နံနက် ၄နာရီ မိနစ် ၂၀တွင် ကမာရွတ်မြို့နယ်ရှိ သုခကမ္ဘာအထူးကု ဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်း ရရှိသည်။ (သတင်းစဉ်)



**သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် အကြိမ်(၃၀)မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၈ ရက်က ရပ်ကွက်ဓမ္မာရုံ၌ကျင်းပရာ အပူဇော်ခံ အဘိုး၊ အဘွားများအား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းမောင် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (က-ပ)

## ၂၀၀၇ခုနှစ် မတ်လတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု

**ရန်ကုန် ဧပြီ ၂၇**

၂၀၀၇ခုနှစ် မတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန် ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း ၂၁၇ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၆မှု အလေးချိန် ၉၃ ဒသမ ၉၂၅၄ ကီလို၊ ဘိန်းဖြူ ၆၉မှု အလေးချိန် ၁ ဒသမ ၃၆၄၈၄ကီလို၊ ဘိန်းဆီ ၁၀မှု အလေးချိန် ၂ ဒသမ ၉၃၉၅ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂မှု အလေးချိန် ၄ ဒသမ ၈၂၃၃ကီလို၊ ဆေးခြောက် ၁၇မှု အလေးချိန် ၂၈ ဒသမ ၁၀၁၁ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၄မှု ၁၈၃၈၇ ပြား၊ ဘိန်းစားမှုနှင့် ရှစ်မှု အလေးချိန် ၃ ဒသမ ၃၉ ကီလို၊ အက်ဖီဒရင်း တစ်မှု အလေးချိန် ၉ကီလို၊ ဖြူပရီနော်ဖင်းထိုးဆေးတစ်မှု ၁၉၅လုံး၊ မှတ်ပုံတင်ပျက်တစ်မှု၊အခြားအမှု ရှစ်မှုတို့ ဖြစ်သည်။

၂၀၀၇ခုနှစ်မတ်လတွင် အမှုပေါင်း ၂၁၇မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၅၃ဦး၊ မ ၆၉ဦး စုစုပေါင်း တရားခံ ၃၂၂ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သင်္ဂဟလမ်းနေ သမီးကြီး ဒေါ်စောစောဦး၊ သမီးလတ် ဒေါ်တင်တင်ထွန်း၊ သမီးငယ် ဒေါ်ခင်ဆွေထွန်း သားသမီးမြေးတစ်စုက မိဘ(ဗိုလ်ကြီးချန်ထွန်း-ဒေါ်တင်ရ)တို့ ကိုယ်စား ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာနှင့် အဆောက်အအုံအတွက် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)




## တစ်ချက်တည်းဖြင့် ကျင်းဝင်

**ရန်ကုန် ဧပြီ ၂၇**

ဦးဘိုတောက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဧပြီ ၂၅ ရက် ညနေ ၃ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၅ ၌ ၁၅၄ ကိုက်အကွာမှ Srixon-ZUR NO-1 ဘောလုံးကို Ping G2 No-7 Iron တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များ ဖြစ်ကြသော ဦးခက်(ခ) ဦးသန်းမြင့်၊ ဦးကျော်နိုင်၊ ဦးရန်ရန်လွင်၊ ဦးအောင်ကိုလတ်တို့အတူ ကစားလျက်ရှိကြောင်း သိရသည်။

**(မြို့တော်ဂေါက်ကွင်း)**

# ထူထောင်ပြီးဖြစ်သည့် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ချမှတ်ပေးထားသော လုပ်ငန်းစဉ်(၅)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး တွေ့ဆုံမှာကြားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အထွေထွေမန်နေဂျာနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနပြည်နယ်နှင့်တိုင်းလက်ထောက် ညွှန်ကြားရေးမှူးများနှင့် ခရိုင်ဦးစီး အရာရှိများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအလိုက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးစီးမှု၊ ထူထောင်ပြီး စာကြည့်တိုက်များကို ရေရှည်တည်တံ့ရှင်သန်ခိုင်မာရေးအတွက် ဆောင်ရွက်နိုင်မှုအခြေအနေ၊ ဆက်လက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်၊ ဒေသခံပြည်သူများအား စာဖတ်ရှိန်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ စေတနာရှင်များ၊ ဒေသခံပြည်သူများနှင့် လက်တွဲ၍ စာအုပ်၊ စာစောင်နှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားများ ဆက်လက် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ထူထောင်ပြီးဖြစ်သော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအနက် ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးအရာရှိများအား စုံစုံညီညီ တွေ့ဆုံရပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်နိုင်မှု၊ ရေရှည်တည်တံ့ ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အလားအလာများကို သိရှိရ၍ အားရဝမ်းမြောက်ကြောင်း၊ ယခုတွေ့ဆုံပွဲတွင် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တာဝန်ရှိသူများအနေဖြင့် ပြည်နယ်နှင့် တိုင်း အသီးသီးတို့၏ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခြင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို သိရှိ၍အားနည်းချက် အားသာချက်များကို သုံးသပ်ကာ ဆက်လက် ဆောင်ရွက်ရန် နမူနာကောင်းများ ရရှိကြမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ လိုက်နာကျင့်သုံးဆောင်ရွက်ရန် အချက် (၁၄)ချက်တွင် ပြန်ကြားရေး လုပ်ငန်းများကို Initiative သုံးပြီး ထိုးထွင်းဉာဏ်ဖြင့် ဆောင်ရွက်ရန် အချက်တစ်ချက် ထည့်သွင်းထားရာ မိမိတို့၏လုပ်ငန်းများ အောင်မြင်စေရန် နမူနာယူသင့်သည်များကို နမူနာယူ၍ ထိုးထွင်းဉာဏ်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

**ကျေပွန်စွာထမ်းဆောင်**

ယနေ့ခေတ်သည် ပညာခေတ်၊ အိုင်တီခေတ်၊ အိုင်စီတီခေတ်ဟု သတ်မှတ်ထားကြရာ မီဒီယာလုပ်ငန်းသည် အလွန်အရေးပါ၍ သြဇာကြီးမားသော အနေအထားသို့ ရောက်ရှိလာကြောင်း၊ တိုးတက်နေသော အိုင်တီပညာရပ်များနှင့်အတူ မီဒီယာဖြင့် လူတိုင်းထံ သတင်းအချက်အလက်များ ပျံ့နှံ့ရောက်ရှိနိုင်ကြောင်း၊ ထို့ကြောင့် မီဒီယာတာဝန်ကို ထမ်းဆောင်နေရသော မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် အလေးထား၍ မိမိတို့၏ မီဒီယာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် ဖြစ်ကြောင်း။

မိမိတို့သည် ပြည်သူများကို မီဒီယာနည်းဖြင့် လူမှုဘဝတိုးတက်အောင် မြှင့်တင်ပေးခြင်း၊ ပြည်သူတို့အား ထိုးနှက်နေသော ဆန့်ကျင်ဘက်မီဒီယာများကို ကာကွယ်တန်ပြန်ချေပခြင်း တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူတို့နှင့် အနီးစပ်ဆုံး စိမ့်ဝင်ပျံ့နှံ့နိုင်သည့် မီဒီယာတာဝန်များကို ထမ်းဆောင်နေကြရသည်ဖြစ်ရာ မိမိတို့ ကြိုးကြိုးစားစား စေတနာထား ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်သူတို့ အကျိုးစီးပွားဖြစ်ထွန်းနိုင်မည် ဖြစ်ကြောင်း။

**အမြင်(၄)မြင်**

အထူးသဖြင့် မှာကြားလိုသည်မှာ ပြီးခဲ့သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ချမှတ်ထားသော လုပ်ငန်းတာဝန်(၈)ချက်ကို အောင်မြင်အောင် Initiative လုပ်၍ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံရေးအမြင်၊ စည်းရုံးရေးအမြင်၊ စီးပွားရေးအမြင်နှင့် အုပ်ချုပ်ရေးအမြင်ဟူသော အမြင်(၄)မြင်ဖြင့် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

မိမိတို့ဆောင်ရွက်နေသော ထူထောင်ပြီးဖြစ်သည့် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ရေရှည်တည်တံ့ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ချမှတ်ပေးထားသော လုပ်ငန်းစဉ်(၅)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် ဒေသခံပြည်သူများအနေဖြင့် စာကြည့်တိုက်များကို မိမိတို့၏ ဒုတိယဘုန်းတော်ကြီးကျောင်းအဖြစ် မှတ်ယူပြီး မိမိတို့ ကျေးရွာများ၌ မရှိမဖြစ်လိုအပ်သော အင်္ဂါရပ်အဖြစ် ခံယူကြသည်အထိ စည်းရုံးဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့်မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး တွေ့ဆုံမှာကြားခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈–၄–၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | နောက်ဆုံးစကား တရားတော် (အပိုင်း–၂) (မဏ္ဍိမဂုဏ်ရည်ဆရာတော် ဒေါက်တာ အရှင်ကောဝိဒ) |
| ၈:၀၀ | အမျိုးသမီးဆရာဝန်များ အဖွဲ့၏ ကွင်းဆင်းကုသခြင်း ထန်းတပင်မြို့နယ် |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | Activities In The City |
| ၉:၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၀ | မြန်မာ့“အိုး” |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | လေ့လာမှတ်သားစရာ နဒီနက္ခတ်ပညာ(အပိုင်း–၂) (နဒီနက္ခတ်ဗေဒင် သင်တန်းကျောင်း) |
| ၁၀:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၀ | ပြည်တွင်းမှာပင် ထုတ်လုပ်သည် နိုင်ငံတကာစံချိန်မီ |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | ကလေးတို့အတွက်လက်ဆောင် (ဂျိုကာဦးထုပ်ကလေး) |
| ၁၁:၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၀၅ | ပြည်သူ့အတွက် EMS |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | Football Festival |
| ၁၁:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၅ | အဝလွန်ရောဂါဆိုင်ရာ အချက်အလက်များနှင့် သကြားအစားထိုး Sucralose(ဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း) |
| ၁၂:၀၅ | တေးဂီတအစီအစဉ် |
| ၁၂:၁၀ | အထူးအမှန်ကောင်းမည့် ရေလှောင်တမံ“ဖြူးချောင်း” |
| ၁၂:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၅ | ကောင်းကင်သစ်ရဲ့အနီး ပွံ့ပိုးဖန်တီးနည်းပညာခရီး |
| ၁၂:၅၅ | တေးဂီတအစီအစဉ် |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅:၀၀ | ပွဲကြိုသုံးသပ်ချက်–၁ | 5-Sports |
| ၅:၃၀ | ပွဲကြိုသုံးသပ်ချက်–၂ | 5-Sports(Live) |
| ၆:၁၀ | Everton-Man:Utd | 5-Sports(Live) |
| | Chelsea-Bolton | 5-Series(Live) |
| ၈:၂၅ | Wigan-West Ham | 5-Sports(Live) |
| | Portsmouth-Liverpool | 5-Series(Live) |
| | Middlesbrough-Tottenham | 5-Cartoons(Live) |
| ၁၁:၀၀ | Blackburn-Charlton | 5-Sports(SDD) |





# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ** Pacific Knitters Co., Ltd **စက်ရုံ၌ ကျင်းပသည်။**

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အသိပညာရှင် အတတ်ပညာရှင်များနှင့် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စက်ရုံများမှ ဝန်ထမ်းအမျိုးသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း ကိုယ်စား ပြန်ကြားရေးရာဌာနကြီး အသိပညာရှင်၊ အတတ်ပညာရှင် ပါမောက္ခ ဒေါ်မြမြဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၏ ကိုယ်ရေးအကျဉ်းကိုအခမ်းအနားမှူးက ဖတ်ကြားပြီး စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်) က **“လူကုန်ကူးမှုကို ဘယ်လိုကာကွယ်ကြမလဲ”** ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြောသည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက ဟောပြောပေးသော အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အသိပညာပေး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အသိပညာရှင်၊ အတတ်ပညာရှင် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း ဟောပြောစဉ်။** (သတင်းစဉ်)

# တတိယအကြိမ် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး နှစ်ဦးစမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား" ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ ကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယ အကြိမ် နှစ်ဦးစမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

| ဟောကြားမည့်ဆရာတော် | ဟောကြားမည့်နေ့ရက် | အထူးတရားပွဲအစီအစဉ် |
| --- | --- | --- |
| (ကျောက်တစ်လုံး တောရဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ | ၁၃၆၉ခု၊ ကဆုန်လဆန်း (၁၃)ရက် စနေနေ့ (၂၈-၄-၂၀၀၇) | **ကျင်းပမည့်နေရာ**<br>မဟာသကျမုနိ ရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်<br>**ကျင်းပမည့်အချိန်**<br>ည (၇း၀၀)နာရီ |

## ဝူရှူးဆန်းဆိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၇**

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်က ကြီးမှူး၍ ဝူရှူးဆန်းဆိုပြိုင်ပွဲကို မေ ၂၁ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို မျိုးဆက်သစ်ဝူရှူးဆန်းဆို အားကစားသမားများ ပေါ်ထွက်လာရေးနှင့် နိုင်ငံတကာလူငယ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ရာ အသက် (၁၅)နှစ်မှ (၁၈)နှစ်အကြား လူငယ်များကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြု မည်ဖြစ်သည်။

အသက်အတွက် သတ်မှတ်ချက်မှာ ၁၉၈၉ခုနှစ် ဇူလိုင် ၁ရက်မှ ၁၉၉၂ခုနှစ် ဇွန်၃၀ရက်အတွင်း မွေးဖွားသူဖြစ်ရမည်ဖြစ်ပြီး မေ ၁၄ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်(ပဒုမ္မာအားကစားကွင်း) ဖုန်း-၇၀၄၃၇၁သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်မျိုးစလုံးအတွက် ၄၈ကီလိုတန်း၊ ၄၂ ကီလိုတန်း၊ ၄၅ကီလိုတန်း၊ ၅၂ကီလိုတန်း၊ ၅၆ကီလိုတန်းနှင့် ကီလို ၆၀တန်းဟူ၍ အတန်းခြောက်တန်း သတ်မှတ် ထားပြီး မေ ၂၀ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် (ပဒုမ္မာအားကစားကွင်း)၌ ဆေးစစ်ခြင်းနှင့် ကိုယ်အလေးချိန် ချိန်တွယ်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)



## နွေရာသီ အဆင့်မြင့်ဘောလုံးသင်တန်းဖွင့်

နွေရာသီ အဆင့်မြင့် ဘောလုံး အားကစားသင်တန်းကို မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

**ရန်ကုန် ဧပြီ ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအဆင့်မြင့် ဘောလုံး အားကစားသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက လူငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း(၃)တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဘရာဇီးလူမျိုး နည်းပြ Marcos Antonio Falopa နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**လိုက်လံနှုတ်ဆက်**

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက သရုပ်ပြပွဲကစားမည့် သင်တန်းသား၊ သင်တန်းသူများအား လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ဥက္ကဋ္ဌဦးဇော်ဇော်က ဘောလုံးကန်၍ သရုပ်ပြပွဲကို စတင်ပေးသည်။ သရုပ်ပြပွဲအဖြစ် အသက်(၈)နှစ်မှ (၁၀)နှစ် အတန်း တစ်ပွဲနှင့် အသက်(၁၁)နှစ်မှ (၁၃)နှစ်အတန်းတစ်ပွဲ ကျင်းပသည်။

နွေရာသီ အဆင့်မြင့် ဘောလုံး သင်တန်း၌ အတန်းနှစ်တန်းခွဲထားပြီး အသက်(၈)နှစ်မှ(၁၀)နှစ် အတန်းတွင် ၆၀၊ အသက်(၁၁)နှစ်မှ (၁၃)နှစ် အတန်းတွင် ၆၀၊ စုစုပေါင်း ၁၂၀ တက်ရောက်နေကြပြီး သင်တန်းနည်းပြများအဖြစ် လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် နည်းပြများဖြစ်သည့် ဦးအေးမောင်လေး၊ ဦးခင်မောင်တင့်၊ ဦးကျော်လွင်၊ ဦးဇော်လေးအောင်၊ ဦးအုန်းကြိုင်၊ ဦးထွန်းတင့်အောင်၊ ဦးအောင်ထွန်းထွန်းနှင့် ဦးရွှေဘော်တို့က သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၂၆ရက်အထိဖွင့်လှစ်မည်ဖြစ်သည်။

(ကြေးမုံ)

## ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၂၇**

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် တပ်နယ် အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဖွင့်ပွဲအပြီးတွင် ပထမနေ့ပွဲစဉ်အဖြစ် ရေတပ်သင်္ဘောကျင်း ဌာနချုပ်အသင်းနှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ် အသင်းတို့ စတင်ယှဉ်ပြိုင် ကစားကြသည်။ အဆိုပါပြိုင်ပွဲကို မေ ၁၈ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

### ဝါတိုးအနောက်ရပ် ရေမြောင်း အနံ့ဆိုးတထောင်းထောင်း

**စာတည်းခင်ဗျား-**

ရမည်းသင်းမြို့ ဝါတိုးအနောက်ရပ် နာရီစင်အနီး လမ်းမတော်လမ်း(ဘူတာလမ်းနှင့်အထကလမ်းကြား)ရှိရေမြောင်း အတွင်းသို့ အနီးပတ်ဝန်းကျင် စားသောက်ဆိုင်နှစ်ဆိုင်မှ စားကြွင်းစားကျန်များ၊ ရေဆိုးရေညစ်များ၊ မိလ္လာကန်မှ ပိုလျှံရေဆိုးများ နေ့စဉ်စွန့်ပစ်ထုတ်လွှတ်လျက်ရှိပါသည်။ အဆိုပါ ရေမြောင်းမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်၌ နေထိုင်သူများ ကျန်းမာရေး ထိခိုက်နိုင်ပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

### မြို့မအနောက်ရပ်ကွက် (၄)လမ်းမြောက်ပိုင်း ပြုပြင်ပေးပါ

**စာတည်းခင်ဗျား-**

ပဲခူးတိုင်း ဖြူးမြို့ မြို့မအနောက်ရပ်ကွက်၊(၄)လမ်းမြောက်ပိုင်း ကတ္တရာလမ်းမှာ ချိုင့်များ၊ ကျင်းများဖြစ်ပြီး ပျက်စီးနေရာ ခရီးသွားများနှင့် စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်များ ကောင်းစွာ သွားလာ၍မရသဖြင့် လမ်းဘေးမှသာ သွားလာနေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းအား မိုးမကျမီ ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ် ပါသည်။

**လမ်းသူလမ်းသားများ**

### ကွင်းကျောင်းတံတားအောက်မှရေမြောင်း ပိတ်ဆို့မှုရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်ကြား **"ကွင်းကျောင်း"** တံတားအောက်မှမြောင်းကြီး၏အထက်ဘက်တွင်အမှိုက်များပိတ်ဆို့နေသောကြောင့် ရေစီးရေလာမကောင်းဘဲ အနံ့အသက်ဆိုးများပတ်ဝန်းကျင်သို့ပျံ့လွှင့်နေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါရေမြောင်းအား ရှင်းလင်းပေးပါရန်တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

### မီးခိုးငွေ့ရှူရှိုက်ကျန်းမာရေးထိခိုက်

**စာတည်းရှင့်-**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သပြေညိုလမ်းရှိ အိမ်တစ်အိမ်ရှေ့တွင် လုပ်ငန်းသုံး မီးစက်ကြီးတစ်လုံးဖြင့် စီးပွားရေးလုပ်ကိုင်လျက်ရှိရာ မီးစက်ကြီး၏ ဆူညံမှုနှင့် မီးခိုးငွေ့များ ရှူရှိုက်နေရမှုကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ ဆူညံသံနှင့် မီးခိုးငွေ့များ ရှူရှိုက်ရမှုမှ ကင်းဝေးစေရေး စိစစ်ဆောင်ရွက် ပေးပါရန်တင်ပြ အပ်ပါသည်။

**သပြေညိုသူ**

### သံပြားများပုံဖိစက် ရှင်းလင်းပြီးစီး

၁၈-၃-၂၀၀၇ ရက်နေ့ထုတ်ကြေးမုံသတင်းစာပါ ပုသိမ်မြို့ အသည်ကြီးရပ်ကုလားတန်းလမ်းရှိ **သံပြားများပုံဖိစက်သံဆူညံ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်းဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

### ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ် ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

### စည်းကမ်းမဲ့လက်တွန်းလှည်းများ ထိန်းသိမ်းပေးပါ

**စာတည်းရှင့်-**

ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီး အတွင်း နံနက်ဈေးဝယ်သူများ စည်ကားချိန်တွင် ကုန်တင်လက်တွန်းလှည်းတွန်းသူများသည် အော်ဟစ်၍ ကြမ်းတမ်းစွာ တွန်းဆွဲသွားလာကြရာ ဈေးဝယ်သူများမှာ လမ်းကျဉ်းများတွင် အပြေး အလွှားရှောင်ပေးကြရပါသည်။ အချို့မှာ လက်တွန်းလှည်းဖြင့် ထိခိုက်မိ၍ ဒဏ်ရာ ရရှိကြပါသည်။

သို့ဖြစ်ပါ၍ ကုန်တင်တွန်းလှည်းတွန်းသူများအား ထိန်းသိမ်း ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ရွှေဘိုသူ**

### ကာရာအိုကေနှင့် ယမကာဆိုင် ကြပ်မတ်ပေးစေလို

**စာတည်းခင်ဗျား-**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့ နောင်ချိုကံကြီးလမ်း၊ နမ့်ဆောင်ဟူးရွာထိပ်ရှိ ကာရာအိုကေနှင့် အရက်ဆိုင်သည် မှန်လုံခန်းမရှိသည့်အပြင် ညစဉ်ဆူညံစွာ အော်ဟစ်သီဆိုလျက်ရှိရာ ပတ်ဝန်းကျင်တွင်နေထိုင်သူများကောင်းစွာအိပ်စက်၍မရကြပါ။ သို့ဖြစ်ပါ၍ အဆိုပါဆိုင်မှ မူးယစ်သောက်စား ဆူညံမှုများအားစိစစ် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**နောင်ချိုသား**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၂၇

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဧပြီ ၂၆ရက် ညနေ ၆နာရီခွဲတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ☆

ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်(ကြည်း) ဗိုလ် သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားတွင် သင်တန်းဆင်း အရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှုသည်သာ နိုင်ငံနှင့်လူမျိုး ရှင်သန်ဖွံ့ဖြိုးမှုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ ထက်သန်ခိုင်မာအောင် မူလတန်းကစ၍ လေ့ကျင့်ပျိုးထောင်



နေပြည်တော် ဧပြီ ၂၇

**ပညာရေးဝန်ကြီးဌာန ၂၀၀၇ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာန ၂၀၀၇ ခုနှစ် အမျိုးသားပညာရည် မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

